Voice of Burma

Published by Voice of Burma Information Group Issue No. 734 NOVEMBER 1, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN

Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com

# တွေ့ဆုံနိုင်ခွင့် ရှိသူတွေနဲ့တွေ့ ခွင့်ရဖို့ ဒေါ်အောင်ဆန်းစုကြည်တောင်းဆို

**RFA၊ အောက်တိုဘာ ၂၉ ။ ။** နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် နိုဘဲလ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်ဟာ သူတွေ့ဆုံနိုင်ခွင့်ရှိသူတွေနဲ့ တွေ့ဆုံခွင့်ရဖို့ တောင်းဆိုလိုက်တဲ့အကြောင်း အကျိုးဆောင်ရှေ့နေတွေက ဒီကနေ့ အောက်တိုဘာ ၂၉ ရက်မှာ ပြောဆိုပါတယ်။

ဗဟိုတရားရုံးကို အယူခံတင်မယ့်ကိစ္စနဲ့ ပတ်သက်ပြီး တက္ကသိုလ်ရိပ်သာ လမ်းကနေအိမ်မှာ အကျိုးဆောင်ရှေ့နေ ၄ ဦး တွေ့ဆုံခွင့်တောင်းခံရာမှာ ဦးကြည်ဝင်းနဲ့ဦးဉာဏ်ဝင်းနှစ်ဦးကိုဘဲ အာဏာပိုင်တွေ ကခွင့်ပြုခဲ့ပါတယ်။

"အဲဒါနဲ့ပတ်သက်ပြီးတော့လည်း သူ့အနေနဲ့ ဒီလိုဆုံးဖြတ်ချက်ကမမှန်ဘူးတဲ့။ တရားမျှတမှုလည်းမရှိဘူးတဲ့။ ဘာဖြစ်လို့လည်းဆိုတော့ သူက ရှေ့နေ ၄ ယောက်နဲ့တွေ့လို့ရှိရင် ၄ ယောက်ရဲ့ opinion ကို နားထောင်လို့ရတယ်တဲ့။ နှစ်ယောက်ဘဲတွေ့ရရင် နှစ်ယောက်ရဲ့ opinion ဘဲနားထောင်ရမယ်။ ဒါတွေက သူ့ရဲ့ကိုယ်ပိုင်အခွင့်အရေးဘဲတဲ့။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း သက်ဆိုင်ရာ အာဏာပိုင်တွေ တင်ပြပေးပါဆိုပြီးတော့ ကျနော်တို့ကို ညွှန်ကြားပါတယ်။"

ရှေ့နေကြီး ဦးဉာဏ်ဝင်းပြောပြသွားတာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နောက်ဆုံးတွေ့ခဲ့တဲ့အချိန်တုန်းကလည်း ရှေ့နေဒေါ်ခင်ဌေးကြွယ်နဲ့ ဦးဉာဏ်ဝင်းတို့နှစ်ဦးကိုသာ တွေ့ခွင့်ပြုခဲ့ပါတယ်။ ဒ့ါအပြင် ပါတီဝင်တွေနဲ့တကွ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို တွေ့ခွင့်ပြုဖို့ကိစ္စ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်ကို ဒေါ်အောင်ဆန်းစု ကြည်ပြောခဲ့ပေမယ့် အခုချိန်အထိ ဘာမှတုန့်ပြန်မှုတွေ မရှိသေးဘူးလို့သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ပြုပြင်မယ့်ကိစ္စမှာလည်း အခုချိန်အထိ သက်ဆိုင်ရာအင်ဂျင်နီယာနဲ့ တွေ့ခွင့်မရသေးဘူးလို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

"သူက architect နဲ့တွေ့ချင်တယ်တဲ့။ ဘာဖြစ်လို့လည်းဆိုတော့ သူ့ဆီကိုပေးထားတဲ့ ပြင်ဆင်မယ့်ပုံကြမ်းတွေနဲ့ပတ်သက်ပြီးတော့ ပြောစရာတွေရှိနေတဲ့ architect ကို၊ architect နဲ့သူနဲ့လည်း တကြိမ်တခါမှမတွေ့ဖူးဘူး။ အဲဒီတော့ ကျနော်တို့ဆီကတဆင့် ပြောပြောနေတာလည်း ကျနော်တို့က ဒီ subject ကိုနားမလည်ဘူးလေ။ နားမလည်တော့ မပြည့်စုံဘူးပေ့ါ။ အဲဒါကို ကျနော်တို့ သက်ဆိုင်ရာအာဏာပိုင်ထံမှာ တင်ပြဆောင်ရွက်ပေးဖို့ဆိုပြီးတော့ ကျနော်တို့ကို ညွှန်ကြားပါတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လက်ရှိအခြေအနေတွေနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြောဆိုခဲ့တယ်လို့လည်း သိရပါတယ်။ ပါတီညီလာခံကိစ္စနဲ့ပတ်သက်ပြီး ဗဟိုအလုပ်အမှုဆောင်ရဲ့ထုတ်ပြန်ချက်ကို ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြခဲ့တယ်လို့လည်း ဦးဉာဏ်ဝင်းကပြောပါတယ်။

"ဒီညီလာခံနဲ့ပတ်သက်ပြီးတော့ အဖွဲ့ချုပ်ကကြေညာချက်ထုတ်တယ်။ ကြေညာချက်မှာ လောလောဆယ်ဆောင်ရွက်လို့ မရသေးဘူးဆိုတာပါတယ်။ ဟုတ်တယ်တဲ့၊ သူသိတယ်တဲ့။ သူကြားပြီးပြီတဲ့။ ဘာမှပြောစရာမရှိဘူးတဲ့။ အဲလိုပြောတယ်။"

ဒေါ်အောင်ဆန်းစုကြည်အပေါ် ဆိုင်းငံ့ပြစ်ဒဏ် တနှစ်ခွဲချမှတ်ထားတဲ့ကိစ္စကို အကျိုးဆောင်ရှေ့နေတွေဘက်က ဗဟိုတရားရုံးအထိ အယူခံတင်သွင်းဖို့ ဆောင်ရွက်နေဆဲရှိပါတယ်။

# ဒေါ်စုကို လွှတ်ပေးရန် နိုဘယ်ဆုရှင်များ တောင်းဆို

**DVB၊ အောက်တိုဘာ ၃၀ ။ ။** ရွေးကောက်ပွဲမတိုင်ခင် နေအိမ်အကျယ်ချုပ်ချထားတဲ့ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဘို့ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် အမျိုးသမီးများအဖွဲ့က တောင်းဆိုလိုက်ပါတယ်။

နိုဘယ်လ်ဆုရှင် အမျိုးသမီးများအဖွဲ့ဝင် အမေရိကန် ပြည်ထောင်စုက ဂျိုဒီဝီလျမ်နဲ့ အိုင်ယာလန်နိုင်ငံက မိုင်းဒက် မက်ဂွိုင်းရားတို့က မနေ့က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ပြုလုပ်တဲ့ သတင်းစာရှင်းပွဲမှာ တောင်းဆိုသွားတာပါ။ အဝေးရောက် တိဘက်အစိုးရ အနှစ် ၅၀ ပြည့် အထိမ်းအမှတ်အနေနဲ့ နိုဘယ်လ်ဆုရှင် ဘုန်းတော်ကြီး ဒလိုင်းလားမားရဲ့ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံကို ရောက်ရှိနေတဲ့သူတို့ ၂ ဦး ဟာ မြန်မာနိုင်ငံနဲ့ တိဘက်ဒေသက ဆက်လက်ဆိုးရွားနေဆဲဖြစ်တဲ့ လက်ရှိ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအကြောင်း သတင်းစာရှင်းပွဲ ပြုလုပ်ခဲ့တာပါ။ အနောက်နိုင်ငံတွေအနေနဲ့ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုတွေ ဆက်ထားဖို့ နိုဘယ်လ်ဆုရှင် ၂ ဦးက တိုက်တွန်း တောင်းဆိုသွားတယ်လို့


| | | | | |
|---|---|---|---|---|
| **အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိနှစ်ဦး မြန်မာနိုင်ငံသွားမည်** | **ရွှေဈေးအတက်အကျ မကြမ်းစေရန် ရွှေလုပ်ငန်းရှင်များကို သတိပေး** | **အဲန်အဲယ်ဒီပါတွင်းစည်းမျဉ်းစည်းကမ်းတွေလိုက်နာဖို့ ဗဟိုကသတိပေး** | **နိုင်ငံလုံးကျွတ်ညီလာခံ ခေါ်ယူကျင်းပရန် အဖွဲ့ချုပ် ဗဟိုကို ထပ်မံတောင်းဆို** | **အစိုးရကို သရော်သည့် ပြက်လုံး ထုတ်လျှင် သေဒဏ်အထိ ချမှတ်ခံ ရနိုင် ဖွယ်ရှိ** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၅** | **စာမျက်နှာ ၈** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၈** |

# လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

VOB အာဘော်

နအဖစစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ထိုင်းဝန်ကြီးချုပ် အဘီစစ်အား မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား ချမှတ်ထားသောပြစ်ဒဏ်ကို လျှော့ပေါ့ပါမည်ဟု အာဆီယံထိပ်သီးအစည်းအဝေးအတွင်း သီးခြားတွေ့ဆုံမှုတခု၌ ပြောဆိုခဲ့သည်။ နအဖဝန်ကြီးချုပ်က ရွေးကောက်ပွဲဥပဒေကိုလည်း များမကြာမီထုတ်ပြန်ပါမည်ဟုလည်းဆိုသည်။

မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းက မျက်ခြည်မပြတ်လေ့လာစောင့်ကြည့်မှုများတိုးတက်လာနေသကဲ့သို့ အမေရိကန်ပြည်ထောင်စုကလည်း စစ်အုပ်စုနှင့်စကားပြောဆိုဆွေးနွေးမှုများကို တိုးတက်ပြုလုပ်လာနေသည်။ အာဆီယံထိပ်သီးအစည်းအဝေးအတွင်း မြန်မာ့အရေးကို ထိထိရောက်ရောက်ဆွေးနွေးခြင်း မရှိသော်လည်း အာဆီယံနှင့်နိုင်ငံတကာအသိုင်းအဝိုင်းတို့အကြားဆက်ဆံရေးတွင် မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထိန်းသိမ်းထားမှုသည် အမြဲလိုလိုပါဝင်နေသည့်အတွက် ထိုသို့သောနိုင်ငံတကာအစည်းအဝေးများရှိနေစဉ်ကာလအတွင်း နအဖသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်ဆက်ဆံမှုများကို ပိုမိုပြုလုပ်သကဲ့သို့ သူမနှင့်သူမ၏ပါတီမှတာဝန်ရှိသူများကို တွေ့ဆုံခွင့်များကို ခါတိုင်းထက်ပိုမိုခွင့်ပြုလေ့ရှိသည်။

ထိုအတောအတွင်း အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးတဦးဖြစ်သည့် ကာ့တ်ကင်မ်ဘဲလ်သည် မြန်မာနိုင်ငံသို့လာမည့်သီတင်းပတ်အတွင်း သွားရောက်ဦးမည်ဖြစ်သည်။ အမေရိကန်အဆင့်မြင့်အရာရှိတဦး မြန်မာနိုင်ငံသို့သွားရောက်ခြင်းသည် မြန်မာ့အရေးတွင် အမေရိကန်က ပိုမိုပါဝင်လှုပ်ရှားလာခြင်းကိုပြသနေသည်။ ပြစ်ဒဏ်ခတ်အရေးယူမှုကို ရုပ်သိမ်းရန်အမေရိကန်အားတောင်းဆိုနေသော နအဖသည် ၂၀၁၀ ရွေးကောက်ပွဲအား လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်အာမခံမည်၊ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများအားလုံးပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန် လုပ်ဆောင်ပါမည်ဟူသော ကတိစကားကို ပေးမည်မှာဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အားလုံးပါဝင်သော ရွေးကောက်ပွဲဖြစ်ရန်လိုအပ်သည်ဟု အတိအလင်းပြောဆိုထားသည်။

အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အဓိကထားပြောဆိုလုပ်ကိုင်ရန် လိုအပ်သည့်အချက်မှာ အားလုံးပါဝင်သောရွေးကောက်ပွဲဟုပြောဆိုရန်နှင့်မလုံလောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်နိုင်သည့်အခြေအနေများကို ဖန်တီးရန်လိုအပ်သည်ဆိုသည့်အချက်ကိုလည်း အလေးပေးပြောဆိုလုပ်ဆောင်ရန် လိုအပ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မှုများပြုလုပ်ရန် နအဖအားတောင်းဆိုထားသည်။ အခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲမှုများပြုပြီးမှသာ ၂၀၁၀ ရွေးကောက်ပွဲ တွင် ဝင်ရောက်ယှဉ်ပြိုင်ရေးကို စဉ်းစားဆုံးဖြတ်မည်ဟု အတိအလင်းပြောဆိုထားသည်။ ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲရေးမှာ မြန်မာပြည်သူပြည်သားအားလုံးနှင့် နိုင်ငံရေးအင်အားစုအားလုံးအတွက် အသက်တမျှအရေးကြီးလှသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအတွက် လတ်တလောအခြေအနေတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့်အခြေအနေကို ဖန်တီးရန် နအဖအား ဖိအား တွန်းအား ဆွဲအားများပေးနိုင်ရေးကို အလေးပေးဆောင်ရွက်ရန် လိုအပ်သည်ဟု ရေးသားလိုက်ရပေသည်။

---

# အမေရိကန်ကိုယ်စားလှယ်ကို အဲန်အဲယ်ဒီဌာနချုပ်မှာတွေ့ဖို့ အဲန်အဲယ်ဒီကအဆိုပြု

**VOA | အောက်တိုဘာ ၃၀ ။ ။** အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အရာရှိကြီးတဦးဦး မြန်မာနိုင်ငံကိုလာရောက်ပြီး အဲန်အယ်လ်ဒီခေါင်းဆောင်တွေနဲ့ တွေ့ဆုံမယ်ဆိုရင် အစိုးရဧည့်ဂေဟာမှာထက် အဲန်အယ်လ်ဒီဌာနချုပ်မှာတွေ့ဆုံဖို့အတွက် အဲန်အယ်လ်ဒီဘက်က အမေရိကန်သံရုံးကိုအဆိုပြုထားပါတယ်။

အရင်က ကုလသမဂ္ဂခေါင်းဆောင်တွေနဲ့ အဲန်အယ်လ်ဒီခေါင်းဆောင်တွေ တွေ့ဆုံခဲ့တဲ့အချိန် မြန်မာစစ်အစိုးရစီစဉ်ပေးတဲ့ အစိုးရဧည့်ဂေဟာမှာဘဲ တွေ့ဆုံခွင့်ရခဲ့ကြပါတယ်။ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်ဘဲလ်ဟာ မြန်မာနိုင်ငံကိုရှေ့သတင်းပတ်အတွင်းမှာ ရောက်လာမယ်လို့ သတင်းတွေထွက်ပေါ်နေပေမယ့် အခုထိ အတိအကျထုတ်ပြန်ကြေညာတာ မရှိသေးပါဘူး။

ရန်ကုန်အမေရိကန်သံရုံးဘက်က အကြောင်းကြားထားတာနဲ့ပတ်သက်ပြီး အဲန်အယ်လ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကိုဆက်သွယ်မေးမြန်းကြည့်ရာ အခုလို ပြောပါတယ်။

“အကြောင်းကြားထားတာရှိတယ်။ လာလို့ရှိရင် အဲန်အယ်လ်ဒီ စီအီးစီတွေနဲ့လည်းတွေ့မယ်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်းတွေ့မယ်၊ နေ့တို့ အချိန်တို့တော့ မပြောသေးဘူး။ အဲဒါတော့ အကြောင်းကြားထားပါတယ်။”

ကျနော်တို့ကြားတာက အဲန်ကယ်လ်တို့ဘက်ကလည်း အဲန်အယ်လ်ဒီခေါင်းဆောင်တွေဘက်နေပြီးတော့ တွေ့မယ်ဆိုရင် အဲန်အယ်လ်ဒီဌာနချုပ်မှာတွေ့ဖို့၊ ဖြစ်နိုင်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အားလုံးတွေ့ဖို့ဆိုပြီး တောင်းထားတာရှိတယ်လို့ ကြားပါတယ်ခင်ဗျ။ အဲဒါရော ဟုတ်ပါသလား။

“အဲဒီလို သီးခြားတောင်းဆိုတာတော့ မရှိဘူး။ ကျနော်ထင်ပါတယ်၊ လွန်ခဲ့တဲ့ နှစ်ပတ် သုံးပတ်လောက်တုန်းက သူတို့သံအရာရှိတွေနဲ့ တွေ့တဲ့အခါမှာ ဒီလိုသဘောမျိုးပြောဆိုတာရှိတယ်။ တောင်းဆိုတာ ဆိုတာထက်ကို ဒီလိုဆောင်ရွက်သင့်တာမျိုး ရှိပါတယ်။”

အစိုးရဧည့်ဂေဟာမှာမဟုတ်ဘဲနဲ့ အဲန်အယ်လ်ဒီရုံးချုပ်မှာတွေ့ဖို့ဆိုတာမျိုး အဲန်ကယ်လ်တို့ဘက်က အလေးထားပြီး ပြောခဲ့တာမျိုးရှိပါသလား။

“ပြောခဲ့ပါတယ်။”

ဘာကြောင့် အစိုးရဧည့်ဂေဟာမှာထက် အဲန်အယ်လ်ဒီဌာနချုပ်မှာ တွေ့ဖို့အဆိုပြုတာပါလဲ။

“အစိုးရဧည့်ဂေဟာဆိုတာ ဘယ်လိုအနေအထားရှိတယ်၊ ဘာတွေရှိတယ်ဆိုတာ ကျနော်တို့ဘာမှမသိဘူး။ ရှိတယ်လို့လည်း မစွပ်စွဲဘူး။ သို့သော်သိကိုမသိတာ။ အဲဒီတော့ ဘာမှမရှိတဲ့ ကျနော်တို့အဖွဲ့ချုပ်ကပိုပြီးတော့ သင့်လျော်ပါတယ်။” အဲန်အယ်လ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကိုဆက်သွယ်မေးမြန်းခဲ့တာပါ။

အောက်တိုဘာလ ၂၃ ရက်နေ့က ပြုလုပ်ခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ မစ္စတာ ကာ့တ်ကမ်ဘဲလ် မြန်မာပြည်ကိုသွားရောက်မယ့်ကိစ္စနဲ့ပတ်သက်ပြီးတော့ အတိအကျမဆုံးဖြတ်ရသေးဘူးလို့ ပြောခွင့်ရသူပုဂ္ဂိုလ် အီရန်ကယ်လီက ပြောထားတာရှိပါတယ်။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် ထိတွေ့ဆက်ဆံရေးမူကို ကျင့်သုံးမယ်လို့ကြေညာခဲ့ပြီးတဲ့နောက် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်ဘဲလ် အခုလိုမြန်မာပြည်ကို သွားမယ်ဆိုတဲ့သတင်းတွေ ထွက်နေတာဖြစ်ပါတယ်။

ဒီ ခရီးစဉ်နဲ့ပတ်သက်လို့ စောင့်ကြည့်လေ့လာနေတဲ့အကြောင်းလည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုထားပါတယ်။

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိနှစ်ဦးမြန်မာနိုင်ငံသွားမည်

**VOA ၊ အောက်တိုဘာ ၃၁ ။ ။** မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ အမေရိကန်နိုင်ငံရဲ့မူဝါဒကို ပြန်ပြီးသုံးသပ်ပြီးတဲ့နောက်မှာ မြန်မာစစ်အစိုးရနဲ့ ထိတွေ့ဆက်ဆံသွားမယ့် ပေါ်လစီအပြောင်းအလဲရဲ့ တစိတ်တပိုင်းအဖြစ်နဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell နဲ့ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Scot Merciel တို့ဟာ နိုဝင်ဘာလ ၃ ရက်နဲ့ ၄ ရက်နေ့တွေမှာ မြန်မာနိုင်ငံကိုသွားရောက်မယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကနေ သောကြာနေ့က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

အခုလို သွားရောက်တဲ့အခါမှာ မြန်မာစစ်အစိုးရခေါင်းဆောင်ပိုင်းအပြင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားအဖွဲ့အစည်း ခေါင်းဆောင်တွေနဲ့လည်း တွေ့ဆုံခွင့်ရရေးဟာ သိပ်အရေးကြီးတယ်လို့ပြောပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ရဲ့မူဝါဒမှာ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေကို ဆက်လက်ထားရှိမှာဖြစ်ပေမယ့် မြန်မာစစ်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆက်ဆံမှုတွေ စလုပ်မယ်လို့ မကြာသေးခင်ကမှ အမေရိကန်အစိုးရက ပြောင်းလဲချမှတ်ခဲ့ပါတယ်။ အခုလို ပြောင်းလဲခဲ့ပြီးတဲ့နောက်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အကြီးတန်းကိုယ်စားလှယ်နှစ်ဦးကို မြန်မာနိုင်ငံကို စေလွှတ်ဖို့ရှိတယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ပြောခွင့်ရ Robert Wood ကပြောပါတယ်။

"အမေရိကန်ရဲ့ မြန်မာပြည်ဆိုင်ရာမူဝါဒ ပြန်လည်သုံးသပ်ချက် ချမှတ်ပြီးတဲ့နောက်မှာဘဲ စက်တင်ဘာလ ၂၉ ရက်နေ့က မြန်မာအဖွဲ့ကိုခေါင်းဆောင်လာတဲ့ ကိုယ်စားလှယ်တွေနဲ့ အမေရိကန်နိုင်ငံက အကြီးတန်းအရာရှိအဆင့် ဆွေးနွေးပြောဆိုမှုတွေကို နယူးယောခ်မြို့မှာကျင်းပခဲ့ပါတယ်။ ဒီအခြေအတင်ဆွေးနွေးမှုကို ဆက်ပြီးတော့ကျင်းပနိုင်ဖို့ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell နဲ့ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Scot Merciel တို့ဟာ နိုဝင်ဘာလ ၃ ရက်နဲ့ ၄ ရက်နေ့တွေမှာ မြန်မာနိုင်ငံကိုသွားရောက်မှာ ဖြစ်ပါတယ်။"

ဒီလိုသွားရောက်တဲ့အခါ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားအဖွဲ့ကိုယ်စားလှယ်တွေနဲ့ပါ တွေ့ဖို့ရှိတယ်လို့လည်း ပြောပါတယ်။

"သူတို့ဟာ မြန်မာစစ်အစိုးရအဖွဲ့ အကြီးတန်းအရာရှိတွေနဲ့ရော၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အတိုက်အခံအဖွဲ့က အဖွဲ့ဝင်တွေနဲ့ရော၊ တိုင်းရင်းသားအဖွဲ့တွေက ကိုယ်စားလှယ်တွေနဲ့ပါ တွေ့ဆုံဖို့ မျှော်လင့်ထားပါတယ်။"

အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell ဟာ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံဆိုင်ရာမူဝါဒ ပြောင်းလဲကျင့်သုံးမယ်လို့ ပြောကြားလိုက်ပြီးမကြာခင်မှာဘဲ မြန်မာသိပ္ပံနဲ့နည်းပညာဝန်ကြီး ဦးသောင်းအပါအဝင် မြန်မာစစ်ခေါင်းဆောင်တွေရဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် အောက်တိုဘာလလယ်မှာ အောက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီရှေ့မှောက် မြန်မာနိုင်ငံကြားနာပွဲမှာ မြန်မာနိုင်ငံရဲ့အခြေအနေမှန်ကို သိရအောင် ကိုယ်တိုင်သွားရောက်ဖို့ ဆန္ဒရှိတယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အဲန်အယ်လ်ဒီဘက်ကလည်း ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ မျှော်လင့်ထားပြီး အစိုးရည့်ဂေဟာမှာ မိနစ်အနည်းငယ်တွေ့ရတာမျိုးမဟုတ်ဘဲ အဖွဲ့ချုပ်မှာ အသေအချာဆွေးနွေးချင်ကြောင်း အဲန်အယ်လ်ဒီပြောခွင့်ရ ဦးဉာဏ်ဝင်းက ပြောပါတယ်၊ Mr. Merciel ကလည်း သောကြာနေ့ကကျင်းပတဲ့ John Hopkins တက္ကသိုလ်က နိုင်ငံတကာလေ့လာရေးဌာနဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အမေရိကန်အစိုးရရဲ့ အသစ်ချမှတ်လိုက်တဲ့မူဝါဒ အောင်မြင်ရေးအတွက် ဒီလိုတွေ့ဆုံဆွေးနွေးရေးဟာ အရေးပါတယ်လို့ ပြောပါတယ်။

"ဒီအထဲမှာ အဓိကအရေးကြီးတဲ့အချက်က နှစ်ဖက်အဆင့်မြင့်အရာရှိတွေ စပြီးတွေ့ဆုံဆွေးနွေးဖို့ပါ။ ဝါရှင်တန်နဲ့နေပြည်တော် တွေ့ဆုံဆွေးနွေးရမှာပါ။ အခု ကျနော်တို့မူဝါဒ ပြန်လည်သုံးသပ်တဲ့အခါမှာ ဒါဟာ အရေးကြီးတယ်လို့သတ်မှတ်ခဲ့ပါတယ်။"

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံဆိုင်ရာမူဝါဒပြောင်းလဲခဲ့ပြီး တွေ့ဆုံဆွေးနွေးဖို့လုပ်ရာမှာ အိမ်နီးချင်းတရုတ်နိုင်ငံနဲ့ အရင်ဆုံးတွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၄ ရက်မှာ Mr. Campbell သွားရောက်တွေ့ဆုံတဲ့အခါ အမေရိကန်နဲ့မြန်မာ အဆင့်မြင့်ဆက်သွယ်ရေးရှိလာမှာကို တရုတ်နိုင်ငံက ကြိုဆိုခဲ့တယ်လို့လည်း ပြောပါတယ်။

"ကျနော်တို့မြင်တွေ့ရတဲ့အချက်အလက် တချို့ထဲမှာ ပထမတချက်ကတော့ တရုတ်နိုင်ငံက သူတို့ရဲ့နယ်စပ်ဒေသ မတည်ငြိမ်မှာကိုစိုးရိမ်နေတာ တွေ့ရပါတယ်။ ပြီးတော့ ကျနော်တို့နဲ့မြန်မာအစိုးရ ပြောဆိုဆက်ဆံမှာကို ကြိုဆိုပါတယ်။ ဒါကြောင့် ကျနော်တို့အမြဲတမ်းပြောခဲ့သလို လူတိုင်းကလည်း မြင်ချင်ကြတာကတော့ ခုထက်ပိုပြီး တိုးတက်ကောင်းမွန်လာတဲ့ မြန်မာနိုင်ငံဖြစ်လာဖို့ပါဘဲ။"

အမေရိကန်ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်၊ အာဆီယံဆိုင်ရာ သံအမတ်ကြီးလည်းဖြစ်တဲ့ Scot Merciel ပြောသွားခဲ့တာဖြစ်ပါ တယ်။

---

## ရွေးကောက်ပွဲအဲန်အဲယ်ဒီဝင်ခွင့်ရရေး ဂျပန်အစိုးရကိုတိုက်တွန်း

**RFA ၊ အောက်တိုဘာ ၂၈ ။ ။** မြန်မာစစ်အစိုးရကကျင်းပဖို့ရှိတဲ့ ၂၀၁၀ ရွေးကောက်ပွဲဖြစ်စဉ်မှာ NLD ပါတီက ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ရရေးကို ဂျပန်လွှတ်တော်အမတ်များသမဂ္ဂ GIREN အနေနဲ့ ဂျပန်အစိုးရကို ထပ်မံတိုက်တွန်းသွားမယ်လို့ အောက်တိုဘာ ၂၈ ရက်နေ့ တိုကျိုမြို့မှာကျင်းပတဲ့ ဂျပန်–မြန်မာတွေ့ဆုံပွဲမှာ GIREN ရဲ့အထွေထွေအတွင်းရေးမှူးက ပြောကြားလိုက်ပါတယ်။

GIREN အဖွဲ့ထဲမှာပါတဲ့ ဂျပန်လွှတ်တော်အမတ် အများစုဟာ ပြီးခဲ့တဲ့ ဩဂုတ်လကုန်မှာကျင်းပခဲ့တဲ့ ဂျပန်ရွေးကောက်ပွဲအတွင်း အနိုင်ရလာခဲ့တဲ့ ဒီမိုကရက်ပါတီ DPJ ကအမတ်တွေဖြစ်ကြပါတယ်။ ဂျပန်လွှတ်တော်အမတ်များသမဂ္ဂ GIREN ရဲ့အထွေထွေအတွင်းရေးမှူး Mr. Yoshinori Suematsu က RFA ကိုပြောရာမှာ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲကို ဖြစ်ပေါ်စေမယ့်အရာတွေအတွက် ဂျပန်လွှတ်တော်အမတ်များသမဂ္ဂဟာ လုပ်ငန်းတာဝန်တွေကို တိုးချဲ့ပြီး ဂျပန်အစိုးရသစ်ကို တိုက်တွန်းဆောင်ရွက်သွားမယ့်အကြောင်း ပြောသွားပါတယ်။

ဂျပန်အစိုးရက အဲဒီလိုလုပ်ဆောင်လာအောင်လို့ ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူတွေက ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာနဲ့ပတ်သက်လို့ မြန်မာ့ရေးရာရုံးဒါရိုက်တာ ဒေါက်တာမင်းညိုကအခုလိုပြောဆိုပါတယ်။

"ကျနော်တို့ကတော့ ဘယ်ရွေးကောက်ပွဲဘဲကျင်းပကျင်းပ ၁၉၉၀ ခုနှစ်မှာ ရွေးကောက်ပွဲကိုအနိုင်ရလာတဲ့ NLD ရဲ့ပါဝင်မှုမရှိဘူး၊ ထောက်ခံမှုမရှိဘဲ လုပ်တဲ့ရွေးကောက်ပွဲကို ကျနော်တို့လုံးဝလက်မခံနိုင်ဘူးလေ။ အဲဒီဟာကို အခုစစ်ခေါင်းဆောင်တွေက NLD လည်းပါလာနိုင်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ အယူအဆက ကျနော်တို့တင်မကဘူး ဂျပန်နိုင်ငံရေးသမားတွေကရော သဘောပေါက်တယ်လေ။

အဲဒါကြောင့်မို့ ဒီလွှတ်တော်သမဂ္ဂအနေနဲ့ကလည်း အဲဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်မှာရော အစိုးရရဲ့အထဲမှာရော အဲဒီအယူအဆအတိုင်းသွားအောင်လုပ်မယ်ဆိုတဲ့ သဘောမျိုးနဲ့ကျနော်တို့က တိုက်တွန်းသွားမှာဘဲလေ။"

တိုကျိုမြို့မှာကျင်းပခဲ့တဲ့ ဂျပန်လွှတ်တော်အမတ်များသမဂ္ဂနဲ့ ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများ တွေ့ဆုံပွဲကို လူ ၅၀ ကျော်တက်ရောက်ကြောင်း သိရပါတယ်။ အာရှဒေသအတွင်းမှာ မြန်မာနိုင်ငံကိုအကူအညီအများဆုံးပေးလေ့ရှိတဲ့ ဂျပန်နိုင်ငံဟာ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲဖြစ်စဉ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ပါဝင်ခွင့်ပေးဖို့ စဉ်ဆက်မပြတ်တောင်းဆိုခဲ့သလို ၂၀၁၀ ရွေးကောက်ပွဲကို တရားမျှတစွာ လုပ်ဆောင်ပေးဖို့နဲ့ ရွေးကောက်ပွဲမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးဖို့ အောက်တိုဘာလဆန်းပိုင်း ကမ္ဘောဒီးယားနိုင်ငံမှာကျင်းပခဲ့တဲ့ ဂျပန်နဲ့မဲခေါင်မြစ်နိုင်ငံများ အစည်းအဝေးပွဲမှာလည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Katsuya Okada က မြန်မာစစ်အစိုးရနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကို တောင်းဆိုခဲ့ကြောင်း သိရပါတယ်။

# အပစ်ရပ် လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းသဘောထားကွဲလွဲ

**DVB | အောက်တိုဘာ ၂၇ ။** ။ စစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် အပစ်ရပ် လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းတွေကို နယ်ခြားစောင့်တပ်ဖွဲ့ဖို့ မက်လုံးပေး၊ ဖိအားပေးနေတာနဲ့ ပတ်သက်ပြီး အပစ်ရပ်အဖွဲ့တချို့အကြား သဘောထားကွဲလွဲကုန်ကြပါတယ်။

စစ်အစိုးရက နယ်ခြားစောင့်တပ်နဲ့ ပြည်သူ့စစ် အသွင်ပြောင်းခိုင်းနေတဲ့ အပေါ် အပစ်ရပ် အဖွဲ့တွေအတွင်း အသွင်ပြောင်းလိုသူနဲ့ မပြောင်းလိုသူတွေ သဘောထား ကွဲနေကြတာ ဖြစ်ပါတယ်။ တိုးတက်သောဗုဒ္ဓဘာသာကရင်တပ်ဖွဲ့ ဒီကေဘီအေထဲမှာ စစ်အုပ်စုကပေးတဲ့ စီးပွားရေးအခွင့်အလမ်းရတဲ့ ခေါင်းဆောင်ပိုင်းတချို့က နယ်ခြားစောင့်တပ်ပြောင်းဖို့လက်ခံပေမယ့် အောက်ခြေ အဖွဲ့ဝင်အများစုက သဘောမတူဘူးလို့ ဒီကေဘီအေ နဲ့ နီးစပ်သူတဦးက ပြောပါတယ်။

“လောလောဆယ် လက်ခံတယ်ဆိုပေမယ့် တိတိကျကျအဖြေပေးဖို့ မဖြစ်နိုင်သေးဘူး။ နောက်ဆုံး အောက်လက်ငယ်သားတွေက နားမထောင်ဘူးဆိုရင်လည်းခက်တာပေ့ါ။ လူကြီးတွေအတွက် ကားလိုင်စင်တွေ ချပေးမယ်။ စိုက်ပျိုးရေးချေးစရိတ်တွေ ထုတ်ပေးတယ်။ အတိုးနှုန်း သက်သာစွာနဲ့ပေ့ါ။ ကျနော်တို့ကို အဲ့ဒီလို ချည်တဲ့အပေါ်မှာ လူကြီးတွေကလက်ခံကြတယ်။ အခု ၇၉ ကို ပြန်သိမ်းမယ့် အနေထားလိုမျိုးရယ်၊ ရိက္ခာပိုင်းဆိုင်ရာ အထောက်အပံ့အနေနဲ့သူတို့ လျှော့ရင်လည်း လျှော့မှာပေ့ါ။ အနေအထားက ကျနော်တို့ အကျပ်ရိုက်လာတဲ့အပေါ်မှာ သူဟာ လက်မခံလို့လည်းမရဘူး။”

နယ်ခြားစောင့်တပ်မဖွဲ့ရင် တပ်ရိက္ခာဖြတ်တောက်မယ်လို့ နအဖရဲ့ဖိအားပေးမှုကြောင့် တပ်တွင်းမှာ အခက်ကြုံနေရတယ်လို့လည်း ပြောပါတယ်။ ပြီးခဲ့တဲ့လက နယ်ခြားစောင့်တပ်ကို လက်မခံတဲ့ ဒီကေဘီအေတပ်ဖွဲ့ဝင်တချို့ ကရင်အမျိုးသားအစည်းအရုံးဆီ ပြန်လည်ပေါင်းစည်းသွားပါတယ်။ ကယားပြည်နယ် လွိုင်ကော်မြို့အခြေစိုက် ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့ ကလလတ ကလည်း ခေါင်းဆောင်ပိုင်းက နယ်ခြားစောင့်တပ် လက်ခံထားပေးမယ့် အောက်ခြေပိုင်းက ငြင်းဆန်နေတယ်လို့ သတင်းတွေ ကျင်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ လွိုင်ကော်အခြေစိုက် ကလလတ ရုံးက တာဝန်ခံဖြေဆိုခြင်း မရှိပါဘူး။

ကေအန်ယူကခွဲထွက်ပြီး နအဖနဲ့ငြိမ်းချမ်းရေးယူခဲ့တဲ့ ဗိုလ်ချုပ်ထိန်မောင်ဦးဆောင်တဲ့ ကရင်အမျိုးသားအစည်း အရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) က နယ်ခြားစောင့်တပ်ကို လုံးဝလက်မခံဘူးလို့ အောက်တိုဘာ ၂၀ ရက်နေ့ရက်စွဲနဲ့ ကြေညာချက် ထုတ်ပြန်ထားပေမယ့် အဲဒီကြေညာချက်ကို အတည်ပြုချက်ရယူဖို့ ဗိုလ်ချုပ်ထိန်မောင်နဲ့ အဖွဲ့ခေါင်းဆောင်ပိုင်းကို ဆက်သွယ်လို့မရသေးပါဘူး။

ကြေညာချက်ထဲမှာ ကရင်လူမျိုးတွေအပေါ် အကြမ်းဖက်၊ ဖိနှိပ်မှုတွေ ပိုပြီးတိုးပွားလာစေမယ့် ကရင်တပ်ဖွဲ့တွေ မြန်မာစစ်တပ်ရဲ့ အသုံးတော်ခံလက်ပါးစေတွေဖြစ်လာမည့်အရေးကို လက်မခံနိုင်ကြောင်း၊ ငြိမ်းအဖွဲ့တွေကို ဒီမိုကရေစီအကြောင်းပြပြီး တိုင်းရင်းသားအခွင့်အရေး လက်ဝါးကြီးအုပ်မယ့် နယ်ခြားစောင့်တပ်ပြောင်းလဲတဲ့ ရည်ရွယ်ချက်ကို မယုံကြည်ကြောင်း၊ သူတို့ဟာ ကရင်အပါအဝင် တိုင်းရင်းသားအားလုံး အကျိုးအတွက် လက်ချင်းတွဲဆောင်ရွက်မယ့် အကြောင်း ဖော်ပြထားပါတယ်။

အလားတူ ၀ ပြည် သွေးစည်းညီညွတ်ရေးပါတီ၊ မွန်ပြည်သစ်ပါတီတို့ကလည်း နယ်ခြားစောင့်တပ်ကို လက်မခံကြောင်း အကြောင်းပြန်ခဲ့သလို ကချင်လွတ်လပ်ရေးအဖွဲ့ ကေအိုင်အိုကလည်း နယ်ခြားစောင့်တပ်အသွင်ပြောင်းတာထက်စာရင် ကချင်ဒေသစောင့်တပ်ဖွဲ့အဖြစ်ကူးပြောင်းဖို့နဲ့ နအဖအနေနဲ့ ၁၉၄၇ မှာ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ဗမာခေါင်းဆောင်တွေ သဘောတူခဲ့တဲ့ ပင်လုံစာချုပ်ကို လက်ခံဖို့ နအဖထံ စာရေးသားပေးပို့ထားပါတယ်။

# ကလေးစစ်သားအဖြစ် စည်းရုံးသူ အရာရှိကို အရေးယူရန် တောင်းဆို

**DVB | အောက်တိုဘာ ၂၆ ။** ။ ကလေးတွေကို စစ်သားအဖြစ် စည်းရုံးသိမ်းသွင်းတဲ့ တနင်္သာရီကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ ထားဝယ်မြို့နယ် သရက်ချောင်း အခြေစိုက်ခြေမြန်တပ်ရင်း ၄၀၃ မှာ တာဝန်ထမ်းဆောင်တဲ့ အရာရှိကို အရေးယူပေးဖို့ ကလေးမိခင်တဦးက တောင်းဆိုလိုက်ပါတယ်။

ဉာဏ်သက် ၁၅ နှစ်ရှိ မောင်အောင်ကိုကိုဟာ ပဲခူးမြို့ အထက ၂ မှာ ၉ တန်းကျောင်းသားအဖြစ် ပညာသင်နေချိန် မနှစ်က ဩဂုတ်မှာ တပ်ထဲဝင်ဖို့ စည်းရုံးခံလိုက်ရတာဖြစ်ပါတယ်။ သူ့ကို ကြည်းတပ်က ဗိုလ်ဥက္ကာဇော်လင်းက သွေးဆောင် ဖျားယောင်းသွားတာဖြစ်ပြီး ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ အမှတ် ၁ စစ်ရေးလေ့ကျင့်ရေးတပ်ကို ပို့ဆောင်လိုက်တာဖြစ်ပါတယ်။ တပ်ခွဲ ၅ မှာ ကိုယ်ပိုင်အမှတ် တ/၃၉၉၁၆၇ နဲ့ စစ်သင်တန်း ၁ လ တက်ပြီးနောက် မကျန်းမမာဖြစ်လို့ ဆေးစစ်တာ မအောင်ဘူးဆိုပြီး ဗိုလ်ဥက္ကာဇော်လင်းက လာရောက်ပြောဆိုခဲ့တာလို့ မောင်အောင်ကိုကိုရဲ့အမေ ဒေါ်မြမြဝင်းက ပြောပါတယ်။

“ငါ ဝမ်းသာတယ်၊ အတိုင်းထက်အလွန်ပဲ။ ငါ့သားကို နောက်တကြိမ်ဘယ်တော့ စစ်တပ်ထဲ ထပ်မထည့်ဘူး။ နင်ကိုယ်တိုင် ခေါ်သွားတဲ့အတွက် နင်ကိုယ်တိုင် ငါ့ဆီကို ရောက်အောင် ပြန်ပို့ပါလို့ မှာလိုက်တယ်။ ပြန်ပို့ပါမယ်ဆိုပြီးတော့ ဘာမှ သတင်းမကြားတော့ဘဲနဲ့ လေးငါးလလောက်ကြာပြီး ပြန်ပေါ်လာတဲ့အချိန်မှာ အောက်ပိုင်းချိသွားတယ်။ တနေ့လုပ်မှ တနေ့စား ကျမတို့ ဘဝအဲ့လို လုပ်စားရတယ်။ ကျမသားလေးကြောင့် ကျမမှာ အခုအကြွေးတွေ အများကြီးပဲ။ အကြွေး တသိန်းဆိုရင်တော့ ကျမ မတတ်နိုင်တော့ဘူး။”

ဒေါ်မြမြဝင်းဟာ မုဆိုးမဘဝနဲ့ အကြော်လည်းရောင်း၊ အနှိပ်သည်လည်းလုပ်၊ အဝတ်လျှော်ပြီး ဝမ်းစာရှာနေသူဖြစ်တဲ့အပြင် ပြီးခဲ့တဲ့ နာဂစ်မုန်တိုင်းတိုက်တုန်းက နေအိမ်ပြိုပျက်ခဲ့တယ်လို့ ပြောပါတယ်။ အဲဒီလို မိသားစုအတွင်း စီးပွားရေးအခက်အခဲဖြစ်နေချိန်မှာ ဗိုလ်ဥက္ကာဇော်လင်း ရောက်လာပြီး မိသားစုတွေ ချမ်းချမ်းသာသာနေရဖို့ လစာ ၄၊ ၅ သောင်းရမယ့်အပြင် တပ်ရိက္ခာလည်းရမယ်၊ ကျောင်းလည်းတက်ရမယ်ဆိုပြီး ဖျားယောင်းခေါ်ဆောင်သွားတာလို့ ပြောပါတယ်။ ပဲခူးတိုင်းမှာ စစ်သားစုဆောင်းမှု ပိုဆိုးလာတာနဲ့ပတ်သက်လို့ လမ်းပြကြယ်အဖွဲ့မှ ဦးအေးမြင့်က စစ်တပ်ပေါ်လစီနဲ့ ရာထူးတိုးရေးအတွက် ဖြစ်ရတာလို့ ပြောပါတယ်။

“အရာရှိတယောက် ရာထူးတိုးချင်လို့ရှိရင် ရာထူးပေးခါနီးမှာ စစ်သားသစ် ၂ ယောက်ကို ရှာရမယ်လို့ တပ်တွင်းထဲမှာ ပြဋ္ဌာန်းထားတယ်။ သူတို့ ရာထူးတိုးရေးအတွက် ကလေးတွေရဲ့ဘဝရှေ့ရေးကို မကြည့်ဘဲနဲ့ အောက်ခြေအရာရှိငယ်တွေရဲ့ ဖောက်ပြန်မှုကြောင့် ကလေးတွေ မကြာခဏပျောက်တယ်။ ကားဂိတ်၊ ရုပ်ရှင်ရုံ၊ သင်္ဘောဆိပ် စတဲ့နေရာတွေမှာ ကလေးတွေ ယောင်လို့ မျက်စိမလည်ရဲဘူး။ နောက်တချက်က တိုင်းပြည်ရဲ့ စီးပွားရေးကျနေတော့ ကလေးတွေကို အိမ်က မိဘတွေက ဒုက္ခခံဖျစ်ညှစ်ပြီး ကျောင်းထားရတာ။ အိမ်ရဲ့စားဝတ်နေရေး မပြေလည်တာတွေကို တပ်ထဲဝင်ရင် ပြေလည်လိမ့်မယ်လို့ လိမ်လည်ခေါ်သွားမှုကို ပါသွားတာတွေက များနေတယ်။”

ဒီလို ကလေးစစ်သား စုဆောင်းမှု ဆက်မဖြစ်အောင် အိုင်အယ်လ်အိုကို တိုင်ကြားသွားမယ်လို့ သူကပြောပါတယ်။ ကာကွယ်တဲ့အနေနဲ့ မိဘတွေက သားသမီးတွေကို ဘူတာရုံ၊ ကားဂိတ်၊ ဈေးတွေနဲ့ မှောင်ရိပ်ကျတဲ့နေရာ၊ လူမမြင်သူမမြင်တဲ့ နေရာတွေကို လူကြီးမပါဘဲ မလွှတ်ကြဖို့ ဦးအေးမြင့်က အသိပေးသွားပါတယ်။

# ရွှေဈေး အတက်အကျ မကြမ်းစေရန် ရွှေလုပ်ငန်းရှင်များကို သတိပေး

**DVB ၊ အောက်တိုဘာ ၂၆ ။** ။ ရွှေလုပ်ငန်းရှင်များအသင်းရဲ့ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးပွဲမှာ ရွှေဈေးအတက်အကျ မကြမ်းဖို့၊ ရွှေဈေးထိန်းသိမ်းဖို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးက သတိပေးပြောဆိုလိုက်ပါတယ်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းရဲ့ နှစ်ပတ်လည်အစည်းအဝေးပွဲကို ရန်ကုန်မြို့ ပန်ဒါဟိုတယ်မှာ စနေနေ့က ကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်ခဲ့ပြီး ရွှေဈေးတက်ရင် လူထုက အထိတ်တလန့်ဖြစ်ပြီး ရွှေဈေးကြောင့် တိုင်းပြည်ပျက်တာမျိုး မဖြစ်ရအောင် ထိန်းသိမ်းဖို့ သတိပေးပြောဆိုခဲ့တာပါ။

“ကျနော်လွန်ခဲ့တဲ့ ၁၂ နှစ်က ဝန်ကြီးဖြစ်တဲ့အခါ ရွှေဈေးဟာ ၂ သောင်း ကျော်ကျော်ပဲရှိတယ်။ အဲဒါ ၂ သောင်းကျော်ကျော်ကနေ အခုရွှေဈေးဟာ အဆမတန်တက်သွားတယ်။ ဟိုတုန်းက ရွှေဈေးဟာ ဒေါ်လာ ၅၀၀ အထိ ဖြစ်သွားမယ်လို့ပြောတာ မယုံဘူး။ အခု ၅၀၀ တောင်မကတော့ဘူး။ ဒါကြောင့်မို့ ရွှေဈေးနှုန်းတည်ငြိမ်ရေးသည် ရွှေဈေးနှုန်း ကျဆင်းဖို့လုပ်တာမဟုတ်ပါဘူး။ နိုင်ငံတော်မှာ ဒီနေ့လည်ပတ်နေတဲ့ ရွှေတွေဟာ ပြည်ပကိုမထွက်ဖို့ရယ်၊ မြန်မာနိုင်ငံဟာ လက်ဝတ်လက်စားရော ဘုရားတွေနဲ့ပတ်သက်ပြီးတော့ ရွှေဟာ အများဆုံးသုံးတဲ့ပစ္စည်းဖြစ်လို့ ရွှေဈေးနှုန်းတည်ငြိမ်ဖို့ ရွှေလုပ်ငန်းရှင်အသင်းကို ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။”

“ရွှေအသင်းဟာလည်း အသင်းစဖွဲ့စည်းကတည်းက ကြိုးစားဆောင်ရွက်ခဲ့လို့လည်း ရွှေဈေးနှုန်း တည်ငြိမ်လာတယ်ဆိုတာကို မှတ်ယူရမှာဖြစ်ပါတယ်။ ကမ္ဘာ့ရွှေဈေးက အတက်အကျဖြစ်နေမှာပဲ။ ကျနော်တို့ ရွှေဈေးလည်း အတက်အကျ ဖြစ်နေမှာပဲ။ ဒါပေမယ့် အတက်အကျ မကြမ်းဖို့လိုတယ်။”

ရွှေဈေးမတက်ဖို့၊ ရွှေဈေး ထိန်းသိမ်းဖို့ဆိုတဲ့ ဗိုလ်မှူးချုပ်အုန်းမြင့်ရဲ့ ပြောဆိုချက်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတွေက သူတို့ရဲ့ ထင်မြင်ချက်တွေကိုတော့ မပေးပါရစေနဲ့လို့ ပြောပါတယ်။ ရွှေဈေးကို အစိုးရထိန်းချုပ်တိုင်း ပြည်တွင်းရွှေတွေ ပြည်ပကို အလုံးရင်းနဲ့ရောက်သွားတတ်တယ်လို့ ပြည်ပရွှေလုပ်ငန်းရှင်တဦး က ပြောပါတယ်။

“ဈေးသက်သာတဲ့ဆီကနေ ဈေးများတဲ့ဆီကို စီးဆင်းတဲ့သဘာဝ ရှိပါတယ်။ အဲဒီမှာ ဘာနဲ့လုပ်စားရမလဲ။ ပစ္စည်းတွေထုတ်ရောင်း၊ ဈေးသက် သာရင် ဟိုဘက်က ဝယ်သွားမယ်။ ဘယ်လောက်အထိ ထုတ်ရောင်းနိုင်မဆိုတဲ့ အပေါ်မှာ တူတည်တယ်။”

နိုင်ငံရေး၊ စီးပွားရေးစတဲ့ အကြောင်းတခုခုကြောင့် ရွှေဈေးတက်လာတိုင်း အာဏာပိုင်တွေက ရွှေလုပ်ငန်းရှင်တွေ ဖမ်းဆီးထိန်းသိမ်းတဲ့ပုံစံနဲ့ ဈေးပြန်ကျအောင်လုပ်လေ့ရှိတယ်လို့ နောက်ထပ် ရွှေလုပ်ငန်း လုပ်ကိုင်သူတဦးက ပြောပါတယ်။ ငါးထောင်တန် ငွေစက္ကူသစ် မထုတ်ခင်က ရွှေ တကျပ်သားကို ၅ သိန်း ၇ သောင်း ဝန်းကျင်သာရှိပြီး လက်ရှိမှာ အခေါက်ရွှေ တကျပ်သားကို ၆ သိန်း ၇ ထောင် ဝန်းကျင်ရှိနေတဲ့အတွက် လက်ရှိ ရွှေအရောင်းအဝယ် အေးနေတယ်လို့ သူက ပြောပါတယ်။ မြန်မာနိုင်ငံရဲ့ ရွှေဈေးဟာ ၂၀၀၀ ပြည့်နှစ် မတိုင်ခင်က ၃ သောင်း ဝန်းကျင်သာရှိပြီး အခု ၆ သိန်းကျော်နေတဲ့အတွက် ၁၀ နှစ်အတွင်း အဆ ၂၀ လောက်မြင့်တက်သွားတယ်လို့ ပြောရမှာပါ။ ရွှေဈေးတက်တိုင်း အစိုးရက ဝင်ထိန်းသိမ်းသင့်သလား၊ ဘာကြောင့် ထိန်းသင့်တာလဲဆိုတာနဲ့ ပတ်သက်ပြီး စီးပွားရေးပညာရှင် ခင်မောင်ညို (ဘောဂဗေဒ) က ပြောပါတယ်။

“ရွှေဈေးတွေ တက်တာနဲ့လူတွေ အထိတ်တလန့်ဖြစ်ပြီး တိုင်းပြည်ပျက်တဲ့အဖြစ်မျိုးမဖြစ်သင့်ဘူးလို့ပြောတာ တခြမ်းမှန်ပါတယ်၊ ဒါပေမယ့် တဘက်ကလည်း တိုင်းပြည်မတည်ငြိမ်တဲ့အခါမှာ ရွှေဈေး ဈေးတက်တာကိုတွေ့ရတယ်။ အဲတော့ နှစ်ခုမျှပြီး စဉ်းစားရမှာပေ့ါ။ အစိုးရ ဝင်ထိန်းသင့်သလားဆိုတာကလည်း ကိုယ်မတတ်နိုင်တဲ့ အကြောင်းတရားတွေကြောင့် ရွှေဈေးက သူ့သဘာဝအလျောက် ရောင်းလိုအားကနေ ဝယ်လိုအားတက်နေတယ်ဆိုရင်တော့ ဝင်ထိန်းစရာမလိုပါဘူး။ ဈေးကစားချင်တဲ့ ရည်ရွယ်ချက်နဲ့ရွှေဈေးတွေ သိပ်ပြီး လှုပ်လှုပ်ရှားရှားဖြစ်အောင် လုပ်ရင်တော့ အစိုးက ဝင်ထိန်းဖို့လိုပါတယ်။”

# နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး စာကပ်သူကို ထောင် ၁၅ နှစ်ချ

**DVB ၊ အောက်တိုဘာ ၂၇ ။** ။ နိုဘဲလ်ဆုရှင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ စာကပ်ခဲ့တဲ့ ရန်ကုန်တိုင်း မြောက်ဥက္ကလာပက ကိုတင်ထွတ် (ခေါ်) ကိုတင်ထွတ်ပိုင်ကို တနင်္လာနေ့က ထောင် ၁၅ နှစ်ချလိုက်တယ်လို့ သူ့ဖခင်က ပြောပါတယ်။

ကိုတင်ထွတ်ပိုင်ကို တရားမဝင်အသင်း ဖွဲ့စည်းမှု၊ နယ်စပ်ဖြတ်ကျော်မှု စတဲ့ ပုဒ်မ ၄ ခုနဲ့ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် တရားရုံးက ထောင် ၁၅ နှစ်ချလိုက်တယ်လို့ သူ့ရဲ့ ဖခင်ဦးဌေးဝင်းက ပြောတာပါ။ အမှုစတင် စစ်ချိန်ကတည်းက အမိန့်ချတဲ့အထိ တရားခွင်ကို မိသားစုတွေကြားနာခွင့်မရတဲ့အပြင် အမိန့်ချတဲ့ ရက်မှာလည်း ကြားနာခွင့်မရဘူးလို့ဦးဌေးဝင်းက ပြောပါတယ်။

“၂၆ ရက်နေ့ သား အမိန့်ချခံရမယ်ဆိုတာ သိတယ်။ တရားရုံးမှာ လာပြီး နားထောင်ခွင့်ပေးရင် ပိုပြီးအဆင်ပြေတာပေ့ါ၊ ကျနော်တို့ မိသားစုမျက်ကွယ်မှာ ချတဲ့ သဘောမျိုးဖြစ်နေတယ်။ တွေ့ချင်တာပေ့ါ၊ ကျနော့် အမျိုးသမီးတုန်းကလည်း ဒီအတိုင်းပဲ မျက်ကွက်ပဲ။ သက်သေ သာဓကမရှိဘဲ အတင်းနင်းကန်ဇွတ်လုပ်တဲ့ သဘောမျိုးဖြစ်နေတယ်။”

ကိုတင်ထွတ်ပိုင်ကို မေ ၁၀ ရက်နေ့က နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေး စာကပ်နေတုန်း အာဏာပိုင်တွေက ဖမ်းဆီးသွားတာဖြစ်ပါတယ်။ စစ်ကြောရေးကာလမှာ အာဏာပိုင်တွေရဲ့ရိုက်နှက်မှုကြောင့် အခုအထိ ဒဏ်ရာဒဏ်ချက်တွေ ရှိနေတုန်းပဲလို့ ဦးဌေးဝင်း က ပြောပါတယ်။

“ဖမ်းပြီးတော့ အောင်မြေ ရဲရိပ်သာမှာ ၁ လနဲ့ ၂ ရက်ထားတယ်။ အဲ့ဒီမှာ ထမင်း ၂ ရက်မကျွေးဘူး။ အရိုက်ခံရတာ စစ်နေတဲ့အချိန်မှာ ကြမ်းတယ်လို့ ပြောတယ်။ ကိုတင်ထွတ်ပိုင် ရဲ့ မိခင်ဒေါ်ငယ်ဟာလည်း ၂၀၀၇ စက်တင်ဘာ သံဃာ့အရေးအခင်းနဲ့ ဆက်စပ်ဖမ်းဆီးခံရပြီး သာယာဝတီထောင်မှာ ထောင် ၆ နှစ်ခွဲကျနေတာဖြစ်ပါတယ်၊ အသက် ၅၂ နှစ်အရွယ် ဒေါ်ငယ်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာမွေအဖွဲ့ချုပ်ဝင် တဦးဖြစ်ပြီး မြောက်ဥက္ကလာပမှာနေထိုင်ပါတယ်။ စီးပွားရေးအကျပ်တည်းကြောင့် ဇနီးနဲ့ သား ၂ ယောက်စလုံးကို ထောင်ဝင်စာတွေ့ဖို့ အခက်အခဲရှိပေမယ့် သူတို့လုပ်ရပ်ကို ဘယ်တော့မှ အပြစ်မမြင်ဘူးလို့ ဦးဌေးဝင်းက ပြောပါတယ်။

“သူတို့ရဲ့ လုပ်ဆောင်ချက်ကို ပြန်ကြည့်တော့ တော်တော်လေးကို မှန်နေတဲ့ အနေအထားရှိတယ်။ သန်း ၅၀ ကိုယ်စား သူတို့အနစ်နာခံမယ်၊ စကားအရာပဲ မဟုတ်ဘဲနဲ့လက်တွေ့အရ ဆောင်ရွက်တယ်ဆိုတော့ ပြန်လာရင်လည်း တိုက်တွန်းမှာပဲ။ သူတို့လည်း ဆက်လုပ်မယ့် အနေအထားရှိတယ်။ သူတို့ လုပ်ရပ်ကို ထောက်ခံတယ်။”

၂၀၀၇ စက်တင်ဘာ သံဃာ့အရေးအခင်းနောက်ပိုင်း ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူတွေ ဖမ်းဆီးခံရမှုပိုများလာပြီး နိုင်ငံရေးအကျဉ်းသား အရေအတွက်လည်း ၂ ဆတိုးလာတယ်လို့ လူ့အခွင့်ရေးစောင့်ကြည့်လေ့လာ သူတွေကပြောပါတယ်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ အေအေပီပီဘီရဲ့ စာရင်းအရ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ၂ ထောင်ကျော် ရှိနေတယ်လို့ သိရပါတယ်။

# ရန်ကုန်စာနယ်ဇင်းအသိုင်းအဝိုင်းမှ သတင်းအယ်ဒီတာနဲ့လူငယ်တချို့ ဖမ်းဆီးခံရ

**NEJ၊ အောက်တိုဘာ ၂၈။** ။ Foreign Affair ဂျာနယ်မှ ဘာသာပြန်အယ်ဒီတာ ကိုသန့်ဇင်စိုးအပါအဝင် လူငယ် ၈ ဦးသည် အောက်တိုဘာ ၂၇ ရက်ညမှာ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်အိမ်ရာရှိ သူတို့နေထိုင်တဲ့တိုက်ခန်းမှာ အာဏာပိုင်များရဲ့ဖမ်းဆီးခြင်းခံရကြောင်း ကိုသန့်ဇင်စိုးရဲ့လုပ်ဖော်ကိုင်ဖက်တဦးက ပြောပါတယ်။

"ကိုသန့်ဇင်စိုးရယ်၊ အရင်က ပြည်မြန်မာဂျာနယ်မှာလုပ်ကိုင်ဘူးပြီး လက်ရှိ Freelance သတင်းထောက်အဖြစ်လုပ်ကိုင်နေတဲ့ ကိုပိုင်စိုးဦးအပါအဝင် လူငယ်စုစုပေါင်း ၈ ဦးကို သူတို့နေထိုင်ရာ ယုဇနဥယျာဉ်မြို့တော်က တိုက်ခန်းမှာ အာဏာပိုင်တွေက လာပြီးဖမ်းသွားတယ်။ ကျနော်သိသလောက် ကိုသန့်ဇင်စိုးဆိုတာဟာ ဧရာဝတီတိုင်းအတွင်းမှာ နာဂစ်မုန်တိုင်းဘေးဖြစ်ပြီးနောက် နာဂစ်ဘေးဒဏ်သင့်တဲ့ ပြည်သူတွေကိုကူညီဖို့ဆိုပြီး ဂျာနယ်သတင်းထောက်အများစုနဲ့ စိတ်တူကိုယ်တူစုစည်းထားတဲ့ လင်းလက်ကြယ်ဆိုတဲ့ အကူအညီပေးရေးအုပ်စုထဲက ဖြစ်တယ်။

နာဂစ်မုန်တိုင်းကူညီရေးကိစ္စတွေကို တက်တက်ကြွကြွလုပ်ကိုင်နေသူဖြစ်တယ်။ နောက် ကိုပိုင်စိုးဦးကလည်း အဲဒီအဖွဲ့ကဖြစ်သလို သတင်းလိုက်ရာမှာတက်ကြွသူဖြစ်တယ်။ တခါတုန်းကဆိုရင် မီးလောင်တဲ့သတင်းသွားလိုက်ပြီး သတင်းဓာတ်ပုံရိုက်မိလို့ အာဏာပိုင်တွေက ဖမ်းတာကိုတောင်ခံခဲ့ရဘူးတယ်။ ဘေးပတ်ဝန်းကျင်မှာနေသူတွေပြောပြချက်အရတော့ ညှော်စာရင်းစစ်တာမျိုးမဟုတ်ဘူး။ သူတို့တိုက်ခန်းကို အသေအချာလာဝိုင်းပြီး ဖမ်းသွားတာ။" လို့ပြောပါတယ်။

ကိုသန့်ဇင်စိုးအလုပ်လုပ်ကိုင်နေတဲ့ Foreign Affair ဂျာနယ်သည် The Voice ဂျာနယ်နှင့် Living Color မဂ္ဂဇင်းကိုထုတ်ဝေနေတဲ့ ဒေါက်တာနေဝင်းမောင် မီဒီယာကပိုင်ဆိုင်တဲ့ ဂျာနယ်ဖြစ်ပါတယ်။ ကိုသန့်ဇင်စိုးကို ဘာကြောင့်ဖမ်းဆီးသွားရတယ်ဆိုတာကို ဒဂုံဆိပ်ကမ်းမြို့နယ်ရဲစခန်းကို စုံစမ်းကြည့်ရာ သူတို့အနေနဲ့မသိရကြောင်း၊ အက်စ်ဘီနဲ့ စရဖ က လုပ်ခြင်းဖြစ်ကြောင်း ဖြေသွားပါတယ်။

အခုလို ကိုသန့်ဇင်စိုးအဖမ်းခံရတဲ့အတွက် သူနဲ့အတူ နာဂစ်လေဘေးသင့်ပြည်သူများကို တက်တက်ကြွကြွအကူအညီပေးနေတဲ့ လင်းလက်ကြယ်အဖွဲ့တွင် ပါဝင်သူများကလည်း အထူးစိုးရိမ်နေကြောင်း၊ လင်းလက်ကြယ်အဖွဲ့တွင် နာမည်ကြီးဂျာနယ်တိုက်အားလုံးနီးပါးက လူငယ်သတင်းထောက်တွေ ပါဝင်ကြတဲ့အတွက် အချို့ကြောက်ရွံ့ပြီး တိမ်းရှောင်မှုများပြုလုပ်နေကြောင်း သိရပါတယ်။

နာမည်ကြီးသတင်းဂျာနယ်တခုမှ အယ်ဒီတာလူငယ်အမျိုးသမီးတဦးက "သမီးတို့လည်း လင်းလက်ကြယ်ဆိုပြီး နာဂစ်ဘေးတွေဝိုင်းလုပ်ခဲ့တယ်။ ပြီးခဲ့တဲ့လတွေတုန်းကတောင် သမီးတို့လို ကူညီရေး အဲန်ဂျီအိုအဖွဲ့တွေတွေ့ဆုံပြီး အမြင်ဖလှယ်တာတွေလုပ်ခဲ့သေးတယ်။ အခု ကိုသန့်ဇင်စိုးကို ဘာလို့ဖမ်းတာလည်းမသိဘူး။ ဘာဘဲဖြစ်ဖြစ် သမီးလည်းစိုးရိမ်တယ်။" လို့ ပြောပါတယ်။

ရန်ကုန်မြို့မှ ဝါရင့်သတင်းစာဆရာကြီးတဦးက အဲန်ဂျီအိုလုပ်လို့ဘဲဖြစ်ဖြစ် နိုင်ငံခြားကိုသတင်းများပေးပို့လို့ဘဲဖြစ်ဖြစ်၊ ဘာကြောင့် ဖမ်းဖမ်း မစိုးရိမ်ကြောင်း၊ သို့သော် အခုလို နိုင်ငံအတွက် ကောင်းရာကောင်းကျိုး လုပ်ကိုင်နေကြတဲ့ လူငယ်မျိုးဆက်သစ် သတင်းထောက်တွေကို မဆီမဆိုင် ဖောက်ခွဲဖျက်ဆီးရေးဆိုတဲ့စွဲချက်နဲ့ ဖမ်းဆီးထောင်ချမှာကိုတော့ စိုးရိမ်ကြောင်း၊ လက်ရှိစစ်အစိုးရသည် အလွန်ကောက်ကျစ်သည့် အစိုးရဆိုတာကို ဘယ်သူမှမငြင်းနိုင်ကြောင်း ပြင်းပြင်းထန်ထန်ပြောဆိုပါတယ်။ အခုသတင်းကြောင့် အဆိုပါသတင်းထောက်များရဲ့မိတ်ဆွေသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်များအကြား အလွန်စိုးရိမ်နေကြကြောင်း စုံစမ်းသိရှိရပါတယ်။

# ထောင်ကျသွားသည့် တောင်သူမိသားစုများကို တရားစွဲမည်ဟု ခြိမ်းခြောက်

**DVB၊ အောက်တိုဘာ ၂၉။** ။ အိုင်အယ်လ်အိုနဲ့ နအဖတို့ ခွင့်ပြုချက်နဲ့ တောင်ယာပြန်လုပ်ရင်း သရက်ထောင်မှာ အကျဉ်းကျသွားတဲ့ အောင်လံမြို့နယ်က တောင်သူ ၁၃ ဦးရဲ့ မိသားစုဝင်တွေကို အာဏာပိုင်တွေက တရားစွဲမယ်လို့ ထပ်မံခြိမ်းခြောက်နေပါတယ်။

မကွေးတိုင်း အောင်လံမြို့နယ်က ဦးသန်းစိုး အပါအဝင် လယ်သမား ၁၃ ဦးကို အနည်းဆုံး ၃ လ ကနေ အများဆုံး ၅ နှစ်အထိ ထောင်ချလိုက်ပြီးနောက် ကျန်တဲ့ မိသားစုဝင်တွေကို ထပ်မံ ခြိမ်းခြောက်နေတာပါ။ ထောင်ကျသွားတဲ့အထဲမှာ အိမ်ထောင်ဦးစီးတွေ ပါသွားလို့ စိုက်ပျိုးထားတဲ့ သီးနှံတွေကို ရိတ်သိမ်းမယ့်သူ မရှိဖြစ်သွားပြီး ကျန်တဲ့ မိသားစုဝင်တွေက စိုက်ထားတဲ့ ဝါ၊ ပဲတီစိမ်း၊ ပဲစင်းငုံတွေကို ရိတ်သိမ်းဖို့ ပေါင်းထိုး၊ မြက်ရှင်း၊ ပိုးသတ်ဆေးဖြန်း လုပ်နေကြရပါတယ်။ ဒါကို အမှုအခင်းဖြစ်အောင်လုပ်တဲ့ ကြံစိုက်ပျိုးရေးဌာနက ဝန်ထမ်းတွေနဲ့ အာဏာပိုင်တွေက သူတို့ကို ယာထဲက မောင်းထုတ်တဲ့ အပြင် ဒီလ ၂၆ ရက်နေ့က မရကာ ရုံးကနေ စာနဲ့ဆင့်ခေါ်ခိုင်းပြီး တရားစွဲဖို့ ခြိမ်းခြောက်တာလို့ မိသားစုဝင်တဦးက ပြောပါတယ်။

"သကြားစက်မှာ လုပ်ပိုင်ခွင့် ရထားပြီးသား ဖြစ်တဲ့ ယာမြေတွေထဲကို ဝင်ရောက်ကျူးကျော် စိုက်ခင်းကိစ္စဆိုပြီး ကျနော်တို့ကို ခေါ်တယ်။ ကျနော်တို့သွားတွေ့တော့ ကိုတင်မောင်ကို၊ ကိုညဏ်ရှိန်၊ ကိုဝင်းထိန်၊ ကိုဝင်းမောင်၊ ကိုလှရွှေတို့က လက်မှတ်ထိုးပြီး မယကကို စာတင်ထားတာကို မြေထိန်း ဦးစီး တင်မောင်ကိုက ကျနော်တို့ကို ပေးတယ်။ ပေးတယ်ဆိုတာ မင်းတို့ကောင်တွေ ဒီတောင်သူတွေက မိုးကုန်တုန်းက ရိတ်သိမ်းသွားပြီ။"

"ရိတ်သိမ်းသွားလို့လည်း အသီးသီး ပြစ်ဒဏ်တွေ ချမှတ်ပြီးပြီ။ အခုနောက်ထပ် သူတို့စိုက်ပျိုးခဲ့တဲ့ မိုးနှောင်းပိုင်းသီးနှံတွေကို လုံးဝဝင်ရောက်ခွင့်မပြုနိုင်ဘူး။ အကယ်၍ မင်းတို့ ဝင်ရောက်မယ် သိမ်းမယ်၊ ဆွတ်မယ် ဆိုရင်တော့ ရှေ့နည်းအတိုင်း တရားစွဲဆို ထောင်ချမယ်လို့ ခြိမ်းခြောက်တယ်။ သူတို့ ခြိမ်းခြောက်ပေမယ့် ကျနော်တို့ အစ်ကိုတွေ သွေးချွေးနဲ့ထောင်ကျခံပြီး ရင်းနှီးသွားတဲ့ ဒီသီးနှံတွေကို ထောင်ချရုံလို့မက ကြိုးမိန့်ပဲ ပေးပေး ဝင်ရောက်ပြီး ဆွတ်မှာပဲ။"

စိုက်ပျိုးထားတဲ့ သီးနှံတွေကို ရှေ့လ ၁၀ ရက်လောက်မှာ ဆွတ်ခူးရတော့မယ်လို့ပြောပါတယ်။ တောင်သူ မအေးဝင်း၊ ခင်ပွန်းဖြစ်သူ ကိုဝင်းနိုင်ဦးနဲ့ ညီမဖြစ်သူ မမိမာတို့ ထောင်ကျသွားလို့ အသက် ၈၀ ကျော် အမေအိုဟာ အိပ်ယာထဲ လဲနေတဲ့အပြင်၊ ကျောင်းတက်နေတဲ့ သူတို့ရဲ့ ကလေးတွေလည်း ဒုက္ခရောက်နေတယ်လို့သိရပါတယ်။ သူတို့အမှု အယူခံအတွက် ခရိုင်တရားရုံးကို လျှောက်လဲဖို့ပြင်နေပေမယ့် အခုထိ မတင်နိုင်သေးပါဘူး။ အဓမ္မခိုင်းစေခံရပြီး ထောင်ကျသွားတဲ့ အောင်လံက တောင်သူတွေအတွက် အိုင်အယ်လ်အိုက ကြိုးပမ်းပေးနေပေမယ့် နှောင့်နှေးမှုဖြစ်နေတာဟာ နအဖ အလုပ်သမားဝန်ကြီးဌာနမှာ တာဝန်ရှိတယ်လို့ အိုင်အယ်လ်အို တိုင်တန်းရေးကွန်ယက်က တာဝန်ခံက ပြောပါတယ်။

"ကျနော်တို့ အနေနဲ့ အိုင်အယ်လ်အိုကို နောက်ဆက်တွဲ ဖြစ်ထွန်းနေတဲ့ အခြေအနေကို တင်ပြတာပါ။ အိုင်အယ်လ်အိုအနေနဲ့ လက်ခံပြီး ဆက်လက်ပြီး နေပြည်တော်မှာရှိတဲ့ အလုပ်သမားဝန်ကြီးဌာနက အမြင့်ဆုံးအထိ နောက်ဆက်တွဲကို ဆက်လက် တင်ပြမယ်လို့ သိရပါတယ်။ တောင်သူလယ်သမားတွေ လယ်ယာတွေမှာ စိတ်အေးချမ်းသာစွာနဲ့ ပြန်လည် လုပ်ကိုင်အောင် အိုင်အယ်လ်အိုအဖွဲ့က အားကြိုးမာန်တက်လုပ်ဆောင်နေတယ်လို့ ကျနော်တို့ ယုံကြည်တယ်။"

အဓမ္မခိုင်းစေမှုမြောက်လို့ တောင်သူတွေက အိုင်အယ်လ်အိုဆီ တိုင်တန်းခဲ့တာကို အမှန်တကယ် အဓမ္မခိုင်းစေခဲ့တဲ့ ကြံစိုက်ဌာနဝန်ထမ်းတွေနဲ့တာဝန်ရှိသူတွေကို အရေးမယူဘဲ တောင်သူတွေကို တန်ပြန်အရေးယူခဲ့တာဟာလည်း အိုင်အယ်လ်အိုနဲ့နအဖအရာရှိတွေအကြား နားလည်မှုစာချွန်လွှာကို ချိုးဖောက်တာပဲလို့ပြောပါတယ်။ အောင်လံမြို့နယ် ကြံစိုက်ပျိုးရေးဌာနက အဓမ္မကြံစိုက်ပျိုးခိုင်းပြီး လယ်ယာမြေသိမ်းယူခဲ့တာ ဧက ၁,၀၀၀ ကျော် ရှိပြီး၊ စမ်းကလေး ကျောင်းစုရွာ၊ ရေပေါ်ရွာ၊ ညောင်ပင်ဝိုင်းအပါအဝင် စုစုပေါင်း ၉ ရွာက တောင်သူတွေပိုင်ဆိုင်တဲ့ မြေယာတွေ ဖြစ်ပါတယ်။

# နယ်ခြားစောင့်တပ်ဖွဲ့ရေး လက်ခံသည့် ငြိမ်းအဖွဲ့ အနည်းငယ်သာရှိ

**DVB ၊ အောက်တိုဘာ ၂၉ ။** ။ နယ်ခြားစောင့်တပ်ဖွဲ့ရေး လက်ခံ မခံဆိုတာကို မနက်ဖြန် အောက်တိုဘာ ၃၁ ရက်နေ့ နောက်ဆုံးထား အကြောင်းပြန်ရမယ်လို့ စစ်အုပ်စုက သတိပေးထားပေမယ့် အဲဒီသတိပေးချက်ကို လက်ခံတဲ့ အဖွဲ့ အနည်းငယ်သာရှိတယ်လို့ သိရပါတယ်။

အထူးသဖြင့် တရုတ် မြန်မာနယ်စပ်ရှိ အင်အားကြီး ငြိမ်းအဖွဲ့တွေက ဒါကို ငြင်းဆန်နေပြီး အချိန်ယူဆောင်ရွက်ဖို့ နအဖကို တင်ပြခဲ့တယ်လို့ နယ်စပ်သတင်းရပ်ကွက်တွေက ပြောပါတယ်။ အင်အားကြီး ငြိမ်း အဖွဲ့ ၃ ခု ထဲက UWSA ဝ အဖွဲ့နဲ့ နအဖတိုင်းမှူးတို့ ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေက လားရှိုးမှာပြုလုပ်တဲ့ ဆွေးနွေးပွဲ အခြေအနေကို ဝ ပြည်နယ် ပန်းဆန်းမြို့က အမည်မဖော်လိုတဲ့ ဝ အရာရှိတဦးက ပြောပါတယ်။

"သွားတာက ဒုဥက္ကဋ္ဌ၊ ပြည်ပဆက်ဆံရေး ဒုဌာနမှူး ဦးအိုက်ကွန်းနဲ့ တခြား ကိုယ်စားလှယ်တွေ အများကြီးလိုက်သွားတယ်။ သူတို့ သွားတာ ၄ ရက် ရှိပြီ၊ ဒီနေ့မှ ရောက်လာတယ်။ ဘာကိစ္စ ဆွေးနွေးတယ်ဆိုတာ ကျနော်တို့ကို မပြောသေးဘူး။ သွားတဲ့ကိစ္စမှာ အကြောင်းပြန်ဖို့ဟာ တခါတည်းဆွေးနွေးလာပုံရတယ်။"

လားရှိုးအခြေစိုက် ရမခတိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် ရဲ့ ဖိတ်ကြားချက်အရ သွားရောက်တွေ့ဆုံတာလို့သိရပါတယ်။ ဘာတွေ ဆွေးနွေးခဲ့သလဲဆိုတာ အောက်ခြေကို မချပြသေးပေမယ့် ဒီဆွေးနွေးချက်တွေကို သိနေတဲ့ ဝ အဖွဲ့နဲ့ နီးစပ်သူ တရုတ် မြန်မာနယ်စပ်ရှိ စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောကပြောပါတယ်။

"သူတို့ ပြန်ရှင်းပြတာက ကိုးကန့်အခြေအနေက သူတို့ မလုပ်ချင်ဘူး။ တရုတ်ပြည်က သတင်းပေးပြီး မူးယစ်ဆေးဝါးစက်ရုံနဲ့ လက်နက်ကြီးစက်ရုံတွေကို စုံစမ်းစစ်ဆေးပြီး အရေးယူပေးပါဆိုလို့ လုပ်ရတာပါလို့ ပြောတယ်။ နောက်ဆုံး လက်နက်ကိုင်တိုက်ပွဲအထိ ဖြစ်ခဲ့ရတယ်ပေ့ါ။ ဝ နယ်မှာလည်း အလားတူ သတင်းမျိုးထွက်နေတော့ ဒါမျိုး မဖြစ်ချင်ဘူးပေ့ါ။ တဘက်ကလည်း ချော့တာ ပါသလို၊ တဘက်ကလည်း ခြိမ်းခြောက်တာ ပါတယ်ပေ့ါ။"

"ဝ ခေါင်းဆောင်မှူးက ပြတ်ပြတ်သားသား ပြန်ပြောတယ်။ ကျနော်တို့ ဘက်က ဘော်ဒါဂတ်နဲ့ ပတ်သက်လို့ အဓိကပြဿနာက ကိုးကန့်နဲ့ ဝ နယ်မှာ တပ်စွဲတဲ့ တပ်မ ၃၃ တဖွဲ့လုံးပေ့ါ၊ တပ်မ ၉၉ ကတော့ ဝ မြောက်ရဲ့နန်တင်း အထူးမြို့နယ်နဲ့ တပ်မဟာ ၃၁၈ မျက်နှာချင်းဆိုင်မှာ တပ်စွဲထားတယ်။ အဲ့ဒီတပ်တွေ အရင်ဆုံးဆုတ်ပေးပြီးမှ ဆွေးနွေးနိုင်မယ်လို့ ဝ ကပြောတယ်။ နောက်တခု ဒုဥက္ကဋ္ဌပြောတာက မြန်မာအစိုးရပြောတဲ့ ပြဿနာက သူတို့တဦးချင်းရဲ့နေထိုင်မှု ဘဝတင် မဟုတ်ဘဲ ဝ ပြည်နယ်မှာရှိတဲ့ ဝ ပြည်သူ ၄ သိန်း ၈ သောင်းကျော်ရဲ့ ကံကြမ္မာနဲ့လည်း ပတ်သက်နေတဲ့အတွက် အချိန်တိုကာလအတွင်းမှာ ဒါတွေကို ချက်ချင်းလက်ခံပြီး ပြောင်းလဲပစ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အချိန်ယူရမယ်တဲ့။"

စနေနေ့က ဝ အဖွဲ့နဲ့ လားရှိုးမှာဆွေးနွေးသလို ဝ ရဲ့ မဟာမိတ် ဦးစိုင်းလင်းဦးဆောင်တဲ့ မိုင်းလားအဖွဲ့ကို ရွှေတြိဂံဒေသတိုင်း စစ်ဌာနချုပ်ကျိုင်း တုံမှာ မနေ့က ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ ဘာတွေ ဆွေးနွေးသလဲဆိုတာ မသိနိုင်သေးပေမယ့် ဥက္ကဋ္ဌဦးစိုင်းလင်း ကိုယ်တိုင်တက်တာကြောင့် အရေးကြီးတဲ့ ဆွေးနွေးပွဲလို့ယူဆရပါတယ်။ တခြား ငြိမ်းအဖွဲ့တခုဖြစ်တဲ့ ကေအိုင်အို ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့က နအဖကမ်းလှမ်းချက်အတွက် အချိန်ယူစဉ်းစားဖို့လိုကြောင်း၊ ပင်လုံစာချုပ်ပါ အချက်တွေကို စစ်အစိုးရက လက်ခံမယ်ဆိုရင် ကေအိုင်အိုက လက်နက်စွန့်ဖို့ ဝန်မလေးဘူးလို့ အကြောင်းပြန်ခဲ့ပါတယ်။ ဒါကြောင့် နယ်ခြားစောင့်တပ်နဲ့ပတ်သက်ပြီး ဒီလအကုန် လက်ခံရမယ်ဆိုတာဟာ မဖြစ်နိုင်တော့ဘဲ အချိန်တိုးပေးလိုက်ရတဲ့သဘောဖြစ်တယ်လို့ ဦးအောင်ကျော်ဇောက မှတ်ချက်ပေးပါတယ်။

"မြန်မာအစိုးရက လုံးဝမလျှော့ဘူးဆိုရင် ကိုးကန့်လို ဖြစ်လာမှာပဲ။ မြန်မာအစိုးရ ရဲမြင့်တို့က အာဏာရှင်ပီပီ တပ်ကြီးကို တောင့်တောင့်တင်းတင်း လုပ်ထားပြီးတဲ့အချိန် တပ်အားနဲ့ ဖိဖို့ကြိုးစားတယ်။ ဒါပေမယ့် ကိုးကန့်လို လူပေါင်း တထောင်ကျော်လောက်ရှိတဲ့ တပ်ကလေးကို ၃ ရက်အတွင်း ၁၀ နာရီကျော် လောက်တိုက်ပွဲဖြစ်တဲ့အချိန်မှာ မြန်မာစစ်တပ်က တပ်ရင်း ၃၀ လောက်နဲ့တိုက်တဲ့ အခါမှာ လူပေါင်း ၁၅၀ ကျော် သေကြေ ဒဏ်ရာရပြီး တပ်ကလူတွေ ထွက်ပြေးကြတယ်။"

"အထူးဒေသ ၄ ပဲ ဖြစ်ဖြစ်၊ ဝ သွေးစည်းညီညွတ်ရေးပါတီပဲဖြစ်ဖြစ် သူတို့ အနေနဲ့ လွယ်လွယ်ကူကူ မြန်မာအစိုးရ ခိုင်းတာကို လုပ်မယ်မထင်ဘူး။ သူတို့ ခေါင်းဆောင်တွေအားလုံးက သက်ဆိုင်ရာပြည်သူနဲ့ သူ့တပ်ဖွဲ့တွေကို လုံးဝတာဝန်ယူတယ်။ ယူလို့လည်း ဒီလောက်အထိ တင်းတင်းမာမာ ဖြစ်လာတာပေ့ါ။ မယူခဲ့ဘူးဆိုရင် သူတို့လည်း မြန်မာအစိုးရပေးတဲ့ ရာထူးတွေယူ အထုပ်ပိုက်ပြီး မြို့တက်နေကြမှာပေ့ါ။ ကျနော် တဦးချင်းအမြင်ကတော့ ဗိုလ်ချုပ်သိန်းစိန်တို့ နိုဝင်ဘာလလယ်မှာ လုပ်မယ့် စင်ကာပူအစည်းအဝေး မပြီးမချင်း သေနတ်သံ မြည်လိမ့်မယ် မထင်ဘူး။"

# ရခိုင်ပါတီ ၂ ဖွဲ့ ပြည်သူကိုကိုယ်စားမပြု

**DVB ၊ အောက်တိုဘာ ၂၉ ။** ။ စစ်အုပ်စုက ကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြင်ဆင်နေတဲ့ ရခိုင်ပါတီ ၂ ခုဟာ ရခိုင်ပြည်သူတရပ်လုံးကို ကိုယ်စားပြုတာ မဟုတ်ဘူးလို့ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောဆိုလိုက်ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲဝင်ဖို့အတွက် ရခိုင်နဲ့ခမီး ခေါ် မြို လူမျိုးတွေကို ကိုယ်စားပြုတဲ့ ပါတီ ၂ ခုက စစ်တွေမှာ ရုံးဖွင့်ခဲ့တဲ့အပေါ် ၁၉၉၀ ရွေးကောက်ပွဲမှာ အမတ် ၁၁ နေရာနဲ့အနိုင်ရခဲ့တဲ့ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောဆိုလိုက်တာ ဖြစ်ပါတယ်။ ဒီလို ရုံးခန်းဖွင့်ပြီး ၂၀၁၀ အတွက် စည်းရုံးလှုပ်ရှားတာဟာ ၈၈ ကျောင်းသားအမည်ခံ ကိုအေးလွင်ရဲ့ ဝံသာနုအန်အယ်လ်ဒီအဖွဲ့က ဖြစ်တယ်လို့ ရခိုင်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးသာဘန်းက ပြောပါတယ်၊ ဒ့ါပြင် ရခိုင်အဖွဲ့ချုပ် ပါတီရဲ့ သဘောထားက ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လိုအပ်တဲ့ ပြင်ဆင်မှုတွေမလုပ်ရင် ရွေးကောက်ပွဲမဝင်ဘူးလို့ ဦးသာဘန်းက ပြောပါတယ်။

"၂၀၀၈ ဖွဲ့စည်းပုံနဲ့ ပတ်သက်ပြီး ပြင်စရာရှိတယ်။ မပြင်ရင် မဝင်ဘူးလို့ အန်ကယ်လ်တို့ ပါတီက ဆုံးဖြတ်သားပြီးဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် အန်ကယ်လ်တို့က မဝင်ဘူး။ အဲ့ဒါက ဗကသမှာပါခဲ့ပြီး အေးလွင် လုပ်တာကတဖွဲ့။ နောက်တခုက အန်ကယ်လ်လည်းမသိဘူး။ အန်ကယ်တို့ ရခိုင်မှာ ဝင်မယ်ဆိုတဲ့ စိတ်ကူးတွေနဲ့ လူငယ်တွေ၊ လူလတ်တွေ မပါပါဘူး။ သူတို့က ဝံသာနု အန်အယ်လ်ဒီဆိုတဲ့ အုပ်စုက လာတာ။ ရခိုင်တွေနဲ့ ဘာမှမဆိုင်ဘူး။"

၂၀၁၀ အတွက် ပြင်နေတဲ့ ရခိုင်အမျိုးသားအင်အားစု အမည်ရ ပါတီက စစ်တွေမြို့ရှိ မကျည်းမြိုင်ရပ်ကွက်က မိဘမဲ့ကလေးဂေဟာ ကျောင်းအနီးမှာ ရုံးခန်းဖွင့်ခဲ့ပြီး၊ ခမီး ခေါ် မြို အမျိုးသားပါတီက အုန်းတပင်ရပ်ကွက်မှာ ဖွင့်လှစ်ထားတာလို့သိရပါတယ်။ အလားတူ ၂၀၁၀ ရွေးကောက်ပွဲဝင်ဖို့ စည်းရုံးနေတာနဲ့ပတ်သက်လို့ သည်ဗွိုက်စ် ဂျာနယ်တိုက်ရှိရာ သမ္မတဟိုတယ်ရုံးခန်းမှာ ရန်ကုန်မြို့ရှိ မြန်မာအီးကလပ်အမည်ရတဲ့ အန်ဂျီအိုအဖွဲ့က ဖိတ်ကြားခဲ့တယ်လို့သိရပါတယ်။ ဒီလ ၁၈ ရက်နေ့ တနင်္ဂနွေနေ့က ရန်ကုန်ရှိ ရခိုင်လူမျိုးနဲ့ပတ်သက်တဲ့ ပါတီဝင်တွေ၊ တခြားလူမှုအသင်းအဖွဲ့အစည်းနဲ့ သတင်းထောက်တွေကို ဖိတ်ကြားတဲ့အတွက် လူ ၅၀ ကျော်တက်ရောက်ခဲ့တယ်လို့ တက်ရောက်သူတဦးက ပြောပါတယ်။ သည်ဗွိုက်စ်ဂျာနယ်မှ ဒေါက်တာနေဝင်းမောင်၊ ရန်ကုန်တိုင်းအတွင်းရေးမှူးဟောင်း ဗိုလ်ကြီးကျော်ရွှေရဲ့သား ငါးလုပ်ငန်းပိုင်ရှင် ဦးလှမောင်ရွှေနဲ့ ဦးတင်မောင်သန်းတို့က ရွေးကောက်ပွဲဝင်ကြဖို့ စည်းရုံးဟောပြောသွားတယ်လို့ဆိုပါတယ်။

# အဲန်အဲလ်ဒီပါတွင်းစည်းမျဉ်းစည်းကမ်းတွေလိုက်နာဖို့ဗဟိုကသတိပေး

**RFA | အောက်တိုဘာ ၂၇ ။ ။** ပါတီတွင်းစည်းလုံးညီညွတ်စွာ လှုပ်ရှားနိုင်ဖို့အတွက် NLD ပါတီဝင်တွေ လိုက်နာရမယ့် ပါတီစည်းမျဉ်းစည်းကမ်းတွေကို NLD ပါတီ ဗဟိုအနေနဲ့ ပြန်လည်ပုံနှိပ်ပြီး အခုရက်ပိုင်းအတွင်း ပါတီတွင်းမှာဖြန့်ချိသွားဖို့ တနင်္လာနေ့မှာ ပုံမှန်ပြုလုပ်နေကျ NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးက အောက်တိုဘာ ၂၆ ရက်မှာ ဆုံးဖြတ်ခဲ့ကြောင်း သိရပါတယ်။

အခုလို ပါတီစည်းမျဉ်းစည်းကမ်းတွေကို ပြန်လည်ဖြန့်ချိရတာဟာ NLD ပါတီဗဟိုအနေနဲ့ နိုင်ငံလုံးဆိုင်ရာပါတီညီလာခံခေါ်ပေးဖို့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း NLD မြို့နယ်အဆင့်ကတောင်းဆိုခဲ့ပြီးနောက်ပိုင်းမှာ ပေါ်ပေါက်လာရတာဘဲဖြစ်ပါတယ်။ NLD ပါတီ စည်းမျဉ်းစည်းကမ်းတွေကို ဘာကြောင့် ပြန်ပြီးထုတ်ပြန်ရတယ်ဆိုတာနဲ့ပတ်သက်လို့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက RFA ကို အခုလိုရှင်းပြပါတယ်။

"ကျနော်တို့ လောလောဆယ်ဖြစ်နေတဲ့ ကိစ္စတွေဟာ ကျနော်တို့အဖွဲ့ဝင်တွေဟာ ပါတီဖွဲ့စည်းပုံမှာပါနေတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လေ့လာမှုအားနည်းလို့သော်၎င်း၊ မှတ်မိသိရှိခြင်းမရှိလို့သော်၎င်း ဆိုလို့ရှိရင် နိုင်ငံရေးပါတီတရပ်ဟာ အဖွဲ့အစည်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုတော့ လိုက်နာဖို့လိုအပ်တယ်ဆိုတဲ့ ထုတ်ပြန်ထားချက်တွေရှိပါတယ်။

၂၀၀၇ လောက်အထိ ၂၀၀၆ လောက်အထိ စဉ်ဆက်မပြတ် ထုတ်ထားတာတွေရှိပါတယ်တဲ့။ အဲဒါ အဆင့်လိုက် အဆင့်လိုက် အဖွဲ့ချုပ်ခေါင်းဆောင်တွေပေါ့ဗျာ။ ပြည်နယ် တိုင်း မြို့နယ်အစရှိသည်ဖြင့် ခေါင်းဆောင်တွေဟာ ဒါတွေကို သတိမမူမိမှာစိုးလို့ ပြန်ပြီးထုတ်ဖို့လိုအပ်ပါတယ်ဆိုပြီး ဥက္ကဌကအကြံပြုထားတယ်ဗျ။ အဲဒါတွေကို ကျနော်တို့က CEC ကဟုတ်ပါတယ်။ ဒီလိုဆိုရင်လည်း ထုတ်ဖို့သင့်ပါတယ်ဆိုပြီး အများကဆုံးဖြတ်ပြီးတော့ ထုတ်ဖို့မနေ့ကဆုံးဖြတ်ကြပါတယ်။"

NLD ပါတီတွင်းမှာ အရင်ကတည်းက ရှိပြီးသားစည်းမျဉ်းစည်းကမ်းတွေ တချို့နဲ့ပတ်သက်ပြီးတော့လည်း ဦးခင်မောင်ဆွေထပ်ပြောတာက

"ဒေါ်အောင်ဆန်းစုကြည်ပြောထားတဲ့ အဖွဲ့အစည်းမှာ စည်းကမ်းကိုမလိုက်နာဘူးဆိုရင် ဒါ အဖွဲ့ရဲ့တာဝန်ကိုမကျေရာရောက်တယ်ဆိုတဲ့ ဒေါ်စုရဲ့မိန့်ခွန်းလည်းပါ ပါတယ်။ ဒါကို ကိုးကားပြီး ကျနော်တို့ကထုတ်တဲ့သဘောပါဘဲ။ သဘောကတော့ဗျာ ဒီအဆင့်ဆင့်နဲ့ရဲဘော်များဟာ ပါတီဖွဲ့စည်းတဲ့ဥပဒေတွေကို စည်းမျဉ်းတွေကို အမှတ်ရပြီးတော့ လိုက်နာကျင့်သုံးကြဖို့။

နောက် ပါတီမှာက ဒေသအလိုက်ဖြစ်နေတဲ့ပြဿနာတွေကို ဒေသအလိုက် မီဒီယာတွေကိုပြောပါ။ နိုင်ငံရေးဖြစ်စဉ်တွေနဲ့ပတ်သက်လို့ ဆွေးနွေးချင်တယ်ဆိုရင်တော့ ကျနော်တို့အဆင့်လိုက်ပေါ့ဗျာ၊ မြို့နယ်ဆိုရင်လည်း တိုင်းပေါ့ ပြည်နယ်ပေါ့ ပြည်နယ်ကမှတခါ ဗဟိုကိုတင်ပြီးတော့ ဆွေးနွေးတင်ပြကြဖို့။ နိုင်ငံရေးသဘောထားတရပ်ကို ကိုယ့်သဘောထားနဲ့ကိုယ် မီဒီယာကနေပြီးတော့ မထုတ်ပြန်ဖို့ဆိုတာမျိုးကို အစကတည်းကရှိခဲ့တယ်လို့ ကျနော်တို့သိရတယ်လေ။"

၁၉၉၀ ခုနှစ်မှာ အနိုင်ရခဲ့တဲ့ NLD ပါတီဟာ ရွေးကောက်ပွဲအနိုင်ရပြီးနောက်ပိုင်း ၁၉၉၀ ဂျူလိုင်မှာတကြိမ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ တွေ့ဆုံခဲ့ကြသလို ၂၀၀၄ ခုနှစ်အတွင်းမှာတကြိမ် တိုင်းနဲ့ပြည်နယ်ကပါတီခေါင်းဆောင်တွေ စုစည်းတွေ့ဆုံခဲ့ကြတာကလွဲလို့ အခုအချိန်အထိ ပါတီဝင်တွေအားလုံးတက်ရောက်နိုင်တဲ့ နိုင်ငံလုံးဆိုင်ရာပါတီညီလာခံခေါ်ယူတာမျိုး မရှိသေးပါ။

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် စည်းရုံးရေး

**DVB | အောက်တိုဘာ ၂၉ ။ ။** ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအေးလွင်က သူတို့အဖွဲ့ရဲ့ နိုင်ငံရေးအလုပ်တွေ အဆင်ပြေချောမွေ့အောင် သက်ဆိုင်ရာနယ်မြေခံတိုင်းမှူးတွေဆီကနေ အကူအညီယူဆောင်ရွက်နေပါတယ်။

လွန်ခဲ့တဲ့ရက်ပိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးအေးလွင်က ဧရာဝတီတိုင်းစည်းရုံးရေးခရီးစဉ်မှာ ပံ့ပိုးကူညီဖို့အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေထံ တောင်းဆိုရေးသားတဲ့စာဟာ အင်တာနက်မှာပျံ့နှံ့ခဲ့ပါတယ်၊ ဒီစာနဲ့ပတ်သက်လို့ နယ်မြေခံတွေကို အကူအညီတောင်းတာဟာ အခုမှမဟုတ်တဲ့အကြောင်းနဲ့ ပြည်နယ်နဲ့တိုင်းတခုကို အချိတ်အဆက်ရပြီး စည်းရုံးရေးတွေ ဆောင်ရွက်တော့မယ်၊ အဖွဲ့ဝင်တွေ ထူထောင်ခြင်း၊ စည်းရုံးရေးမှူးများ တာဝန်ပေးခြင်း အဆင့်ဆင့် ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းစတော့မယ်ဆိုရင် နယ်မြေခံအာဏာပိုင်က မနှောင့်ယှက်ဘဲ အကူအညီပေးဖို့ အဲ့ဒီနယ်မြေမှာတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို အကြောင်းကြားတဲ့ စာပို့တယ်လို့အဲဒီအဖွဲ့ ဒုဥက္ကဋ္ဌဦးရဲထွန်း က ပြောပါတယ်။

"ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်၊ မကွေးတိုင်း၊ မန္တလေးတိုင်းတွေမှာလည်း အဲ့ဒီလိုမျိုး စာတွေပို့ပြီး ပြုလုပ်ခဲ့တာပါ။"

အဲဒီ အလုပ်တွေကို ဒီအဖွဲ့နည်းတူ မှတ်ပုံတင်မထားတဲ့ တခြားအဖွဲ့စည်းကလုပ်ရင် စစ်အစိုးရက ဖမ်းဆီးထောင်ချနေတဲ့အခြေအနေမှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်က လုပ်ဆောင်ခွင့် ရနေတာဖြစ်ပါတယ်။ သူတို့အဖွဲ့ဟာ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းရေးလှုပ်ရှားမှုကို ၂၀၀၆ ခုနှစ်ကတည်းက လုပ်ဆောင်ခဲ့တာဖြစ်ပြီး အမှတ် ၁ စက်မှုဝန်ကြီးရဲ့ အကူအညီနဲ့ အခုအထိအကောင်အထည်ဖော်နေတာလို့ ဦးရဲထွန်းက ပြောဆိုပြီး အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံဆိုင်ရာ ပေါ်လစီပြောင်းလဲမှုဟာ သူတို့ရဲ့အောင်ပွဲဖြစ်တယ်လို့ ပြောပါတယ်။

သူတို့အဖွဲ့ဟာ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တခြားနိုင်ငံရေးပါတီတွေ တရားဝင်မှတ်ပုံတင်ခြင်းမရှိပေမယ့် ကွန်ဒိုမီနီယံတခုမှာ ပေါ်ပေါ်တင်တင် ရုံးဖွင့်ဆောင်ရွက်နေတာ နယ်လှည့်စည်းရုံးရေးဆင်းတဲ့အခါ ဒေသခံအာဏာပိုင်တွေက ကူညီနေတဲ့အပေါ် စစ်အစိုးရနဲ့ နီးကပ်လွန်းတယ်လို့ ဝေဖန်ခံရတာနဲ့ပတ်သက်ပြီးတော့ ဦးရဲထွန်းက ဖြေရှင်းပါတယ်။

"မြန်မာနိုင်ငံရဲ့ တိုင်းပြည်နဲ့ ပြည်သူလူထု အကျိုးစီးပွားကို ရှေးရှုပြီး အမှန်တကယ် လုပ်မယ်ဆိုရင် ကျနော်တို့လို နိုင်ငံရေးအခွင့်အလမ်းတွေရလာမှာပါ။ ကျနော်တို့လိုလုပ်ရင် ကျနော်တို့လို အခွင့်အရေးရပါလိမ့်မယ်။ ကျနော်တို့နဲ့မတူတဲ့ ဆန့်ကျင်ဘက် သဘောဆောင်တဲ့လုပ်ရပ်တွေလုပ်ရင်တော့ ကျနော်တို့ရပေမယ့် သူတို့က ရချင်မှ ရမှာပေါ့။"

လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီတရပ် ထူထောင်ယှဉ်ပြိုင်သွားမယ်လို့ ဦးရဲထွန်းက ပြောပါတယ်၊ ၁၉၉၀ ရွေးကောက်ပွဲကို ဦးစီးကျင်းပခဲ့တဲ့ စစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲမှာလည်း အနိုင်ရပါတီကို အာဏာလွှဲမလွှဲနဲ့ပတ်သက်ပြီးတော့လည်း တပ်နဲ့အဆင်ပြေတဲ့ အဖွဲ့နိုင်ရင် အသွင်ကူးပြောင်းရေး ချောမွေ့မယ်လို့ ဦးရဲထွန်းက ထင်မြင်ချက်ပေးပါတယ်။

"လာမယ့် ရွေးကောက်ပွဲမှာ တပ်နဲ့ ပြဿနာတက်မယ့် အဖွဲ့အစည်းများနိုင်လာမယ်ဆိုရင် အခြေအနေက ပြောလို့မရပါဘူး။ တပ်ကလည်း သူတို့ဦးတည်ထားတဲ့ရည်ရွယ်ချက်တွေနဲ့ဆန့်ကျင်တဲ့ အဖွဲ့အစည်းမျိုးဖြစ်လာ မယ်ဆိုရင် ၁၉၉၀ နဲ့ သိပ်မကွာခြားနိုင်ပါဘူး။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာနဲ့ ပြန်ထောက်လို့ရပါတယ်။ ညှိပြီးလုပ်ရမယ့်ကိစ္စတွေပေါ့ဗျာ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တပ်နဲ့ ပြဿနာမတက်တဲ့ အဖွဲ့အစည်းတွေသာ နိုင်လာမယ်ဆိုရင် ချောချောမွေ့မွေ့နဲ့ကျနော်တို့နိုင်ငံအသွင်ကူးပြောင်းရေးဟာ အောင်မြင်သွားမှာ ဖြစ်ပါတယ်။"

# VB — သတင်းပြက္ခဒိန်

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**အောက်တိုဘာ ၂၃၊ ASEAN ။ ။** မြန်မာနာဂစ်မုန်တိုင်းဒုက္ခသည်များအတွက် ရံပုံငွေဒေါ်လာ ၁၀၃ သန်းထပ်ပေးရန် အာဆီယံအစည်းအဝေးမှ တောင်းဆိုခဲ့၏။

**အောက်တိုဘာ ၂၄၊ Mizzima ။ ။** တရုတ်မှ CNOOC ရေနံတူးဖော်ရေးသည် နိုဝင်ဘာတလလုံး သန်း ၄၀ အကုန်ခံ၍ တူးဖော်မည်။

**အောက်တိုဘာ ၂၄၊ RGN ။ ။** မြန်မာဆိုင်ရာအမေရိကန်သံရုံးတာဝန်ခံ Larry Dinger သည် နအဖ စိုက်ပျိုးရေးဝန်ကြီးနှင့်ကြံ့ဖွံ့အတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့်ဆွေးနွေးခဲ့၏။

**အောက်တိုဘာ ၂၆၊ Mizzima ။ ။** ၂၀၁၀ ရွေးကောက်ပွဲသည် ပြီးပြည့်စုံ၍ မျှတရန် ဥပဒေမူကြမ်းကိုပြင်ရမည်ဟု အဲန်အယ်လ်ဒီဦးဝင်းတင် မှဆို၏။ သို့မဟုတ်က ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးခွန်ထွန်းဦးအပါအဝင် နိုင်ငံရေးအကျဉ်းကျနေသူများကို ရွေးကောက်ပွဲပိတ်ပင်ထားရန်။

**အောက်တိုဘာ ၂၇၊ UNICEF ။ ။** တကိုယ်ရည်သန့်ရှင်းမှုပညာပေးရန် မြန်မာဇတ်သဘင်နှင့်ပူးပေါင်းစီစဉ်နေကြောင်း UNICEF ကလေးပညာရေးအဖွဲ့မှဆို၏။

**အောက်တိုဘာ ၂၇၊ Khonumthung News ။ ။** ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ရန် ဗိုမီးအမျိုးသားကွန်ဂရက် ZNC မှ တောင်းဆိုလိုက်၏။

**အောက်တိုဘာ ၂၈၊ Mizzima ။ ။** ၂၀၁၀ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးသမားများသည် ရွေးကောက်ပွဲမတိုင်မီ သတင်းလောကလွတ်လပ်မှုရရေးကို တောင်းဆို၏။

**အောက်တိုဘာ ၂၈၊ The Hindu ။ ။** ဒေါ်အောင်ဆန်းစုကြည် အနောက်နိုင်ငံသံများနှင့်တွေ့ခွင့်ရခြင်း၊ ၂၀၁၀ ရွေးကောက်ပွဲလွတ်လပ်၍ မျှတစေမည်ဟု နအဖ အဆိုတို့သည် ကောင်းသောလက္ခဏာဖြစ်သော်လည်း၊ အနောက်နိုင်ငံများသည် မြန်မာပြည်သူများအား၏သဘောကို သတိမလစ်သင့်။

**အောက်တိုဘာ ၂၈၊ Irrawaddy ။ ။** မြန်မာသည် အမေရိကန်ဖက်သို့ယိမ်းနေမှုကို တရုတ်ပေါက်ဖော်သည် အသေးစိတ်စောင့်ကြည့်နေကြောင်း အယ်ဒီတာဦးအောင်ဇော်မှ သတင်းဝေဖန်၏။

**အောက်တိုဘာ ၂၈၊ Nation ။ ။** အာဆီယံသည်မြန်မာအား ပိုမိုဖိအားပေးရန်လိုကြောင်း၊ ပြီးခဲ့သည့်အာဆီယံဆွေးနွေးပွဲတွင် မြန်မာအား အာဆီယံမှ ပြစ်တင်ဖိအားပေးမှု မရှိသလောက်ဖြစ်ခဲ့ကာ နအဖသည် ဖိအားပေးမှုမှ ကွင်းလုံးကျွတ်လွတ်ခဲ့ကြောင်း။

**အောက်တိုဘာ ၂၈၊ DVB ။ ။** မဲဆောက်တွင် ကေအင်ယူထိပ်သီးများနေအိမ်သို့ ထိုင်းရဲမှဝင်ရောက်စစ်ဆေးကြောင်း။

**အောက်တိုဘာ ၂၈၊ SYDNEY ။ ။** ဩစတြေးလျားဝန်ကြီးချုပ်၏ဇနီး Therese Rein နှင့်အတိုက်အခံခေါင်းဆောင်၏ဇနီး Lucy Turnbull တို့နှစ်ဦးစလုံးသည် Stand for Free dom အမည်ဖြင့် မြန်မာဒီမိုကရေစီနှင့်ဒေါ်အောင်ဆန်းစုကြည်ထောက်ခံပွဲတက်ခဲ့ကြောင်း။

**အောက်တိုဘာ ၂၉၊ Mizzima ။ ။** ပြီးခဲ့သည့် အာဆီယံဆွေးနွေးပွဲတွင် နအဖ သည် ဟုတ်တိပတ်တိဘာမျှအဝေဖန်မခံခဲ့ရကြောင်း Larry Jargen မှသတင်းဝေဖန်၏။

**အောက်တိုဘာ ၂၉၊ The Cowl ။ ။** အောက်တိုဘာ ၂၉ တွင် Amnesty Intl. သည် မြန်မာအအခြေအနေသတိချပ်ရေးနေ့ကို McPhail တွင်ကျင်းပခဲ့၏။ သန်းကောင်ယံဖြတ်သန်းချိန်အမည် သတင်းရုပ်ရှင်မှတ်တမ်းပြကာ၊ ပြောင်းလဲနေသောအမေရိကန်၏ နိုင်ငံခြားရေးဝါဒနှင့် လူ့အခွင့်အရေးအပေါ်နိုင်ငံတကာမှ ကိုင်တွယ်မှုများ ဆွေးနွေးခဲ့၏။

**အောက်တိုဘာ ၂၉၊ HRW ။ ။** ဂျပန်တွင်ခိုလှုံခွင့်တောင်းသူ မြန်မာမှရိုဟင်ဂျာများအား ခိုလှုံခွင့်ပေးသင့်ကြောင်းနှင့် နအဖ မှ ရိုဟင်ဂျာများအား နှိပ်ကွပ်မှုများ ရပ်တန့်ရန် တောင်းဆိုရန် ဂျပန်နိုင်ငံခြားရေးဌာနသို့ ထိုအဖွဲ့ မှစာပို့၏။

**အောက်တိုဘာ ၂၉၊ The Villanovan ။ ။** မြန်မာ၊ ဆူဒန်၊ ဒါဖူးစသည်တို့တွင်ဖြစ်ပွားနေသည့် လူမျိုးစုသုတ်သင်သတ်ဖြတ်မှု genocide များရပ်ဆိုင်းရေး၊ သုတ်သင်ခံသူများအား ကူညီစောင့်ရှောက်ရေးတွင် ပါဝင်ရန် STAND မှ တာဝန်ယူကျင်းပခဲ့၏။

**အောက်တိုဘာ ၂၉၊ XXX-XXX ။ ။** မြန်မာနှင့်ဂါနာနိုင်ငံတို့သည် လက်ရှိဒီမိုကရေစီကိုခြိမ်းခြောက်ဆုံး နှစ်နိုင်ငံဟု လူ့အခွင့်အရေးလှုပ်ရှားသူနှင့် လက်တမ်းသတင်းထောက် William Nicholas Gomes(email cda.exe@gmail.com)မှဆို၏။

**အောက်တိုဘာ ၂၉၊ National Post ။ ။** ဖဒိုမန်းရှား(ကွယ်လွန်)၏သမီး Little Daughter ကလောင်ရှင် Zora Phan သည် ကရင်ပြည်သူအရေး တင်ပြသူအဖြစ်လူသိများနေ၏။

**အောက်တိုဘာ ၂၉၊ VOA ။ ။** တရုတ်နိုင်ငံအား မြန်မာသို့ သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ပါဝင်ချင်းများရပ်ဆိုင်းရန် လူ့အခွင့်အရေးအဖွဲ့ ၁၀၀ ကျော်မှ လက်မှတ်ထိုးတောင်းဆို၏။

**အောက်တိုဘာ ၂၉၊ Japan Times ။ ။** အာဆီယံခေါင်းဆောင်များသည် မြန်မာ၊ လူ့အခွင့်အရေးနှင့် ဒေါ်အောင်ဆန်းစုကြည်ကိစ္စများတွင် သတ္တိနည်းမှု မပွင့်လင်းမှုများသာပြသခဲ့၍ အာဆီယံလူ့ခွင့်အရေးပြဿနာများကို ရှေ့နေနှင့် လူ့အခွင့်အရေးအဖွဲ့များမှ ဒေါက်ထောက်ကြည့်ရမည်ဟု ဖိလစ်ပိုင်မှ Manuel J. Laserna Jr. မှရေးသား၏။

**အောက်တိုဘာ ၂၉၊ Express News-CHENNAI ။ ။** အိန္ဒိယသည် တရုတ်၏ဩဇာကိုတုန့်ပြန်နိုင်ရန် မြန်မာနှင့် ဆက်ဆံရေးတွင် ဒီမိုကရေစီရေးနှင့် စီးပွားရေးမျှတစွာသုံးသင့်ကြောင်း ကျွမ်းကျင်သူများမှဆို၏။

**အောက်တိုဘာ ၂၉၊ ND-Mizzima ။ ။** နိုဘဲလ်ဆုရှင် Jody Williams နှင့် Mairead Maguire တို့သည် ဒေါ်အောင်ဆန်းစုကြည်မလွတ်လျှင် မြန်မာသည် အကောင်းဖက်သို့ မပြောင်းလဲနိုင်သည့်အပြင် နအဖ ၏ ဒီမိုကရေစီသည် အချိုးသွေးခြင်းသာဖြစ်မည်ဟုဆို၏။

**အောက်တိုဘာ ၃၀၊ Mizzima ။ ။** အနည်းဆုံး ၇၅,၀၀၀ ဦးသည် ၂၀၀၈ အတွင်းသည် မြန်မာမှဒုက္ခသည်အဖြစ်ပြေးလာရပြီး လက်ရှိ ငါးသိန်းခန့်သည် ပြည်တွင်းဒုက္ခသည်များဖြစ်ကြောင်း အဖွဲ့ ၁၂ ဖွဲ့ ပါ ထိုင်း–မြန်မာနယ်စပ်အဖွဲ့ပေါင်းစုံ TBBC မှဆို၏။

**အောက်တိုဘာ ၃၀၊ Rtrs ။ ။** နအဖသည် ပိုင်စိုးဦးအပါအဝင် သတင်းလောကမှ ၁၀ ဦးနှင့် နိုင်ငံရေးလှုပ်ရှားသူများအပါအဝင် ယခုလအတွင်းလူ ၅၀ ဦးဖမ်းခဲ့၏ AAPP မှ ယနေ့ဆို၏။

**စာမျက်နှာ ၁၅ သို့**

# ဦးဝင်းတင်ကို နိုင်ငံရေးအကျဉ်းသား မိသားစုဝင်များ စုပေါင်း ကန်တော့

**DVB ၊ အောက်တိုဘာ ၂၇ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဝင်းတင်ကို နိုင်ငံရေးအကျဉ်းသားဟောင်းတွေနဲ့ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေစုပေါင်းပြီး သီတင်းကျွတ်အထိမ်းအမှတ် ကန်တော့ခဲ့ကြပါတယ်။

ဒီကန်တော့ပွဲကို တက္ကသိုလ်ကျောင်းသူ ကျောင်းသား ၂၀ ကျော် လာရောက်ခဲ့ပြီး ဂါရဝပြုသူ စုစုပေါင်း ၁၅၀ လောက်ရှိတယ်လို့ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေက ပြောပါတယ်။ ဦးဝင်းတင်ဟာ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ရရှိဖို့အတွက် လမ်းညွှန်ပေးပြီး မျိုးဆက်သစ်တွေကိုလည်း ကိုယ်တိုင် ဦးဆောင်နေတာကြောင့် ရိုသေလေးစားထိုက်သူဖြစ်လို့ ကန်တော့တာပါလို့ တက္ကသိုလ်ကျောင်းသူတဦးက ပြောပါတယ်။

"အဘရဲ့ ဦးတည်ချက်တွေ မှန်ကန်တယ်၊ လေးစားဖို့ကောင်းပါတယ်။ ဒါကြောင့် လာရောက်ကန်တော့ရခြင်းဖြစ်ပါတယ်။ ကြည်နူးမိတယ်ပေ့ါ။ ကိုယ်ရှေ့ဆက်ရမည့် လမ်းခရီးအတွက် သတ္တိတွေအများကြီးဖြစ်လာတယ်။"

အားလုံးကို သတ္တိရှိဖို့၊ မှန်ကန်တဲ့လမ်းကြောင်းပေါ် လျှောက်ဖို့၊ ဘယ်အရာမဆို ရဲရဲဝံ့ဝံ့ရင်ဆိုင်ကြဖို့၊ သည်းခံမှုတရားကို လက်ကိုင်ထားဖို့နဲ့ ခေါင်းငုံ့မခံကြဖို့ ဦးဝင်းတင်က မှာကြားကြောင်း နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေကပြောပါတယ်၊ လက်ရှိနိုင်ငံရေးအကျဉ်းသားတွေကို နှစ်ရှည်ထောင်ဒဏ်ချမှတ်နေတာတွေနဲ့ ပတ်သက်လို့ ထောင်ကျမှာ စိုးရိမ်ကြပေမယ့် ထောင်မကြောက်ကြဖို့ ကိုလည်းမှာကြားခဲ့တယ်လို့ အဖွဲ့ချုပ်ဗဟိုအလုပ်မှုဆောင် ကော်မတီဝင် ဦးဝင်းတင်က ပြောပါတယ်။

"ဒီနေ့ ဒီအခါမှာ နိုင်ငံရေးသမားတွေကနေ စပြီးတော့ ထောင်ဆိုတာကြောက်စရာ၊ အလကား အချိန်ဖြုန်းတဲ့နေရာ၊ ဘာမှ အကျိုးရှိတဲ့နေရာ မဟုတ်ဘူး၊ အဲ့လိုစကားတွေ ဘယ်တော့မှလက်မခံပါနဲ့။ ကိုယ်ကိုယ်တိုင်လည်း ထောင်ကြောက်တဲ့ စကားမပြောမိပါစေနဲ့။ နိုင်ငံရေးသမားဆိုတဲ့ ပုဂ္ဂိုလ်တွေ ကိုယ်တိုင်က ထောင်ကျတဲ့နိုင်ငံရေးမလုပ်ဘူးလို့ ပြောလာတော့ အလွန်ရှက်စရာကောင်းတဲ့စကား၊ လက်သင့်မခံနိုင်တဲ့ စကား။

"ဒီလိုစကားမျိုး ပြောတယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်လို ပုဂ္ဂိုလ်မျိုးကနေ အောက်ခြေကျောင်းသားလူငယ်တွေအထိ ထောင်ကျနေတဲ့ လူတွေကို စော်ကားရာလည်းရောက်တယ်။ လူတွေကို စိတ်ဓာတ်ကျအောင် လုပ်ရာရောက်တယ်။ ထောင်ကြောက်တဲ့တရားကို ကိုယ်တိုင်လည်းမဟောနဲ့၊ သူများဟောတာလည်း လုံးဝလက်မခံနဲ့။"

ဦးဝင်းတင်ရဲ့ မှာကြားမှုတွေအားလုံးဟာ အလွန်တန်းဖိုးရှိတယ်လို့ ကျောင်းသားတဦးက ပြောပါတယ်။

"ကျနော်တို့အနေနဲ့ ငွေကြေးနဲ့ ပေးဝယ်လို့မရတဲ့ ဘဘရဲ့အတွေ့အကြုံတွေ၊ မှတ်သားစရာကောင်းတဲ့ စကားတွေသိရပါတယ်။ အဓိကအားဖြင့် ဘဘပြောခဲ့တဲ့စကား ၃ ချက်ပေ့ါ။ နိုင်ငံရေးကို စိတ်ပါဝင်စားစွာနဲ့ လုပ်ကိုင်နေကြတဲ့ ဘယ်သူမဆို၊ ဘယ်အဖွဲ့အစည်းမဆို အရမ်းအရေးကြီးတဲ့အချက် ၃ ချက်က တစ်အချက်၊ လူ့အခွင့်အရေးကို ယုံကြည်မှုရှိရမယ်။ နောက်တခါ ဒီမိုကရေစီကိုယုံကြည်မှုရှိရမယ်။ နောက်ဆုံးအချက်က တိုင်းရင်းသားတွေအားလုံးစုစည်းညီညွတ်မှုကိုယုံကြည်မှုရှိရမယ်ဆိုတဲ့ အချက်၊ ကျနော်တို့အရမ်းကိုမှတ်သားရပါတယ်။"

# မြန်မာနိုင်ငံမှာ ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုတွေ ဆက်လက်ရှိနေဆဲ

**DVB ၊ အောက်တိုဘာ ၂၇ ။** ။ မြန်မာနိုင်ငံမှာ ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုတွေ ဆက်လက်ဖြစ်ပေါ်နေပြီး စိုးရိမ်ရတဲ့ အခြေအနေရှိတယ်လို့ မနေ့ကထုတ်ပြန်တဲ့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဆော်ဒီအာရေဗျ၊ ဥဇဘက်ကစ္စတန်၊ တရုတ်၊ အယ်ရီထရာ၊ အီရန်နဲ့ မြောက်ကိုးရီးယား၊ ဆူဒန် နိုင်ငံတွေနဲ့အတူ ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်မှု အဆိုးဝါးဆုံးနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံကို ထည့်သွင်းဖော်ပြထားပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာရဟန်းတွေကို အနီးကပ်စောင့်ကြည့်နေတာတွေ၊ အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာ တခြား ခရစ်ယာန်နဲ့ မွတ်ဆလင်ဘာသာဝင်တွေအပေါ် ကန့်သတ်ချုပ်ချယ်မှုတွေကို ဆက်လက်ပြုလုပ်နေတာတွေကြောင့် စိုးရိမ်ရတဲ့ နိုင်ငံစာရင်းမှာ ဆယ်နှစ်ကျော်ဆက်တိုက်ထည့်သွင်းဖော်ပြခံနေရတာဖြစ်ပါတယ်။ အဲဒီ ကန့်သတ်မှုတွေအပြင် အစိုးရဌာနကြီးတွေမှာ ဗုဒ္ဓဘာသာဝင်တွေသာ ရာထူး တိုးမြှင့်ခံရတာတွေ၊ တခြားဘာသာဝင် လူနည်းစုတွေရဲ့ ဘာသာရေးအရ တွေ့ဆုံစုဝေးတာ၊ ခရစ်ယာန်သမ္မာကျမ်းစာနဲ့ ကိုရမ်ကျမ်းပုံနှိပ်မှုတွေကအစ စာပေစီစစ်ရေးက ကန့်သတ်ချုပ်ခြယ်ထားတာတွေအပါအဝင် မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုမျိုးစုံကို ဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာထုတ်ပြန်ရတာနဲ့ပတ်သက်လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရင်ကလင်တန်က သတင်းထောက်တွေကို ရှင်းလင်း ပြောဆိုခဲ့ပါတယ်။

"ဘာသာရေးလွတ်လပ်ခွင့်ဟာ အမေရိကန်တနိုင်ငံတည်းရဲ့ တန်ဖိုးထားမှုမကဘဲ နိုင်ငံတကာ သဘောတူညီချက်ဖြစ်တယ်ဆိုတာကို ထင်ရှားစေချင်တယ်။ ဘာသာရေးလွတ်လပ်ခွင့်ဟာ လူ့အဖွဲ့အစည်းတိုင်း ငြိမ်းချမ်းသာယာရေးအတွက် အဓိကအချက်ဖြစ်တယ်။ ယုံကြည်မှုတည်ဆောက်နိုင်တယ်၊ သည်းခံနိုင်စွမ်းနဲ့အပြန်အလှန်လေးစားမှုကို မြှင့်တင်နိုင်တယ်၊ နိုင်ငံတွေအားလုံးမှာတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ သာယာဝပြောရေးအတွက် အဓိကအချက်ဖြစ်တယ်။"

မြန်မာနိုင်ငံမှာ နိုင်ငံအဝန်းက လူနည်းစု ဘာသာခြားတွေအပေါ် ဖိနှိပ်ကန့်သတ်မှုတွေသာမက အစိုးရက အဓိကထားမြှင့်တင်နေပြီး မြန်မာပြည်သူအများစုကိုးကွယ်တဲ့ ထေရဝါဒဗုဒ္ဓဘာသာရဟန်းတော်တွေ အပေါ်မှာလည်း ကန့်သတ်ချုပ်ချယ်မှုတွေ တိုးပွားနေပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၇ သံဃာ့ဆန္ဒပြပွဲတွေပြီးကတည်းက ရဟန်းသံဃာတွေရဲ့ သွားလာလှုပ်ရှားမှုကို ကန့်သတ်စောင့်ကြည့်တာတွေ၊ တရားဟောပြောခွင့် ပိတ်ပင်ထားတာတွေ များပြားလာနေကြောင်းကို လက်ရှိပုန်းရှောင်နေဆဲဖြစ်တဲ့ သံဃာ့တပ်ပေါင်းစုရဲ့ဦးဆောင်သံဃာတပါးဖြစ်သူ ဦးဓမ္မဝံသက မိန့်ကြားပါတယ်။

"ရဟန်းသံဃာတော်တွေ အရမ်းကန့်သတ်ခံထားရတယ်လို့ ကြားတယ်။ သူတို့လိုလားတဲ့ ဘုန်းကြီးတွေဆိုရင် တရားဟောခွင့်တွေအများကြီး ပေးထားတယ်။ သူတို့မလိုလားတဲ့ ဘုန်းကြီးတွေဆိုရင် ကန့်သတ်ထားတယ်။ သတ်သတ်မှတ်မှတ်ရယ်လို့ကို မရှိဘူး။ လမ်းဆုံ လမ်းခွတွေမှာ စောင့်ကြည့်တာတို့၊ ဘုရားတွေပေါ်မှာ လုံခြုံရေး အပြည့်ချထားတယ်။ ရွှေတိဂုံဘုရား၊ နာမည်ကြီးဘုရားတွေမှာဆို တပ်နဲ့ကို ချထားတယ်။"

အကျဉ်းထောင်တွေအတွင်းမှာ ရဟန်း သံဃာတော်တွေကို အလုပ်ကြမ်းခိုင်းစေနေတာ၊ အကျဉ်းသားဝတ်စုံဝတ်ဆင်စေပြီး သာမန်အရပ်သားလိုပြုမူဆက် ဆံနေတာတွေဟာလည်း ဓမ္မစက်နဲ့မညီဘူးလို့ ဆရာတော်ဦးဓမ္မဝံသက ဝေဖန် ပြောဆိုပါတယ်။ အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ ဘာသာရေးလွတ်လပ်ခွင့် စစ်တမ်းကို လွန်ခဲ့တဲ့နှစ် ဇူလိုင်ကနေ ဒီနှစ် ဇွန်လအထိ လေ့လာတွေ့ရှိချက်တွေအရ ပြုစုထားကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ သက်ဆိုင်ရာအစိုးရတွေရဲ့ ဘာသာရေးအပေါ် ကန့်သတ်ချုပ်ချယ်မှုတွေ၊ ဥပဒေနဲ့ မူဝါဒချမှတ်မှုတွေ၊ ဘာသာရေးလွတ်လပ်ခွင့်နဲ့ လူမှုရေး ရှုထောင့်တွေကို အခြေခံပြီး ပြုစုထားတယ်လို့ သိရပါတယ်။




## အင်တာနက်သုံးစွဲသူများပြားလာ

စစ်အာဏာရှင်တွေက မြန်မာပြည်တွင်းမှာ အင်တာနက်သုံးစွဲမှုကိုတင်းကျပ်စွာချုပ်ကိုင်နေပေမယ့်လည်း သုံးစွဲသူတွေဟာ များသထက် များလာနေတယ်လို့သိရပါတယ်။ Myanmar InfoTech ဟာ တခုတည်းသော အင်တာနက်ဆက်သွယ်ရေးလုပ်တဲ့ကုမ္ပဏီဖြစ်ပြီး အင်တာနက်သုံးစွဲသူတွေက ၄င်းတို့လုပ်ချင်တဲ့ သတင်းအဖြစ်အပျက် သဘောထားအမြင် အတွေးအခေါ် ဒီဇိုင်းစတာတွေကို ဖလှယ်တာတွေလုပ်နေကြသလို စစ်အာဏာရှင်တွေကလည်း နည်းမျိုးစုံနဲ့ လိုက်လံပိတ်ပင်တာတွေလုပ်နေဆဲမို့ ကြောင်နဲ့ကြွက် ပြေးတမ်း လိုက်တမ်းကစားသလိုဖြစ်နေပါတယ်။ **(OHMYNEWS, 28.10.2009)**

## ဖမ်းဆီးမှုတွေလုပ်ပြန်

နအဖစစ်အာဏာရှင်တွေဟာ သတင်းထောက်တွေ၊ သံဃာတွေ၊ ကျောင်းသားတွေ၊ နိုင်ငံရေးလှုပ်ရှားသူ ၅၀ ကို မကြာသေးမီက ဖမ်းဆီးလိုက်ပြန်တယ်လို့သိရပါတယ်။ ဘာကြောင့်ဖမ်းဆီးသလဲဆိုတဲ့ အကြောင်းရင်းကို မသိရသေးပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်အဲလ်ဒီက တာဝန်ရှိသူတချို့နဲ့ တွေ့ခွင့်ပေးတာတွေ၊ အမေရိကန်နဲ့ဆက်ဆံရေးကောင်းမွန်အောင်လုပ်နေတာတွေရှိနေတဲ့အချိန်မှာ စစ်အုပ်စုက သဘောထားအနည်းငယ်ပြောင်းလဲလာပြီဆိုတဲ့ အမြင်တွေပေါ်လာနေတာတွေကို အခုလိုဖမ်းဆီးမှုတွေက ချေဖျက်ရာရောက်နေ ပါတယ်။ **(REUTERS, 30.10.2009)**

## အမေရိကန်ကိုယ်စားလှယ်အဖွဲ့မြန်မာပြည်ခရီး

အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးကတ်ကမ်ဘဲလ်ဦးဆောင်တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့တဖွဲ့ဟာ လာမယ့်သီတင်းပတ် အတွင်းမှာ မြန်မာပြည်သွားမယ်လို့ သိရပါတယ်။ မစ္စတာကင်မ်ဘဲလ်က အချက်အလက်ရှာ ဖွေဖို့ဖြစ်ပြီး ပြစ်ဒဏ်ခတ်အရေးယူမှုဖယ်ရှားဖို့ဆိုတာ တခါ နှစ်ခါဆွေးနွေးရုံနဲ့မဖြစ်နိုင်ဘူးလို့ ပြောဆိုထားပါတယ်။ **(AFP, VOB, 30.10.2009)**

## ရာဇဝတ်သားများကိုညှဉ်းပမ်းနှိပ်စက်

အာရှလူ့အခွင့်အရေးကော်မတီက မြန်မာစစ်အာဏာပိုင်တွေဟာ ရဲအချုပ်အတွင်းမှာ ပြစ်မှုကျူးလွန်သူတွေကို ညှဉ်းပမ်းနှိပ်စက်မှုတွေ ကိုလုပ်နေတယ်လို့ ဆိုလိုက်ပါတယ်၊ အဲဒီလိုခံရတဲ့သူတွေထဲမှာ ရာဇဝတ်မှုတွေကျူးလွန်တယ်လို့စွပ်စွဲခံရတဲ့ဆင်းရဲသားများက အများဆုံး ခံနေရတယ်လို့ သိရပါတယ်။ **(AHRC, 30.10.2009)**

## ပိုက်လိုင်းတည်ဆောက်မှုရပ်တန့်ပါ

ရခိုင်ပြည်နယ်ကနေ တရုတ်ပြည် ယူနန်နယ်အထိ တည်ဆောက်မယ့် ဖ၈၈ မိုင်ရှည်လျားတဲ့ ရွှေဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကို ရပ်တန့်ဖို့ လူ့အခွင့်အရေးလှုပ်ရှားနေတဲ့အဖွဲ့အစည်းတွေနဲ့ မြန်မာ့အရေးလှုပ်ရှားသူတွေဟာ နိုင်ငံပေါင်း ၂၀ မှာ တရုတ်သံရုံးနဲ့ ကောင်စစ်ဝန်ရုံးတွေ ရှေ့မှာတောင်းဆိုဆန္ဒပြခဲ့ကြပါတယ်။ **(VOA, 29.10.2009)**

## ပလပ်စတစ်မရှိတဲ့ မြို့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်ဧရိယာတွင်းမှာရှိတဲ့ ပလပ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)ထုတ်တဲ့ အသေးစားနဲ့ အလတ်စားစက်ရုံတွေကို နိုဝင်ဘာလကုန်မှာ နောက်ဆုံးထားပြီးပိတ်ပစ်ဖို့ အမိန့်ထုတ်ထားတယ်လို့သိရပါတယ်။ သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးဆိုပြီး အခုလိုလုပ်ဆောင်တာဖြစ်တယ်လို့ဆိုပါတယ်။ **(XINHUA, 30.10.2009)**

## နာရေးအဖွဲ့ကို စည်ပင်သာယာကတရားစွဲ

ရန်ကုန်အခြေစိုက် နာရေးကူညီစောင့်ရှောက်ရေးအဖွဲ့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုချက်မရပဲ အဆောက်အအုံကို သုံးစွဲတဲ့အတွက် တရားရုံးမှာ တိုင်ချက်ဖွင့်ကာ စွဲဆိုလိုက်တယ်လို့သိရပါတယ်။ သင်္ဃန်းကျွန်းမြို့နယ်မှာ အခမဲ့ကုသပေးဖို့ သုခဆေးရုံကို တည်ဆောက်ပြီးတဲ့အချိန်မှာ အဆောက်အဦးရှေ့ခြံစည်းအနီးမှာ ၅ ပေပတ်လည်ကျင်းတူးပြီး ရေဆိုးတွေထုတ်ဖို့ စည်ပင်သာယာကညွှန်ကြားချက်ကို ရေသိုလှောင်ထားသလိုဖြစ်တဲ့အတွက် ခြင်အောင်းနိုင်ပြီး လူနာတွေဒုက္ခဖြစ်နိုင်တယ်လို့ ငြင်းဆိုတဲ့အတွက် အခုလိုတရားစွဲတာဖြစ်ပါတယ်၊ **(MIZZIMA, 30.10.2009)**

## ကေအဲန်ယူနဲ့ ဒီကေဘီအေ အပစ်ရပ်ရေးဆွေးနွေး

ကေအဲန်ယူနဲ့ ဒီကေဘီအေတို့ဟာ အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးမှုတွေပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။ ဒီနှစ်ဖွဲ့ဟာ ဘယ်နေရာမှာဆွေးနွေးမှုတွေလုပ်သလဲဆိုတာ အတိအလင်းထုတ်ဖော်ပြောဆိုခြင်းမပြုခဲ့ပါ။ ဆွေးနွေးမှုတွေ ဘယ်လောက်အထိ တိုးတက်သလဲဆိုတာ မသိရသေးပေမဲ့လည်း နောက်ထပ်ဆွေးနွေးမှုတွေပြုမယ်လို့ သက်ဆိုင်တဲ့သူတွေက ပြောပါတယ်။ အကဲခတ်တဦးက ကရင်တိုင်းရင်းသားအချင်းချင်းဆွေးနွေးမှုမှာ ကောင်းမွန်တဲ့လက္ခဏာလို့ဆိုပါတယ်။ ဒါပေမယ့် ဒီကေဘီအေနောက်ကွယ်မှာ နအဖရှိနေတဲ့အတွက် ဒီဆွေးနွေးမှုနဲ့ ရွေးကောက်ပွဲကိစ္စဆက်စပ်မှုရှိနိုင်ခြေရှိမရှိကို စောင့်ကြည့်သင့်ကြောင်းဆိုပါတယ်။ **(IRAWADDY, VOB, 30.10.2009)**

## ကန့်သတ်ချုပ်ချယ်မှုများကို ငါ့စုမကျေနပ်

စစ်အာဏာရှင်တွေက သူမကို ထိန်းသိမ်းထားတဲ့ကြားထဲကပဲ ကန့်သတ်ချုပ်ချယ်မှုတွေကို ပြုလုပ်နေတယ်လို့ သူမရဲ့ရှေ့နေအဖွဲ့ကို ပြောဆိုလိုက်တယ်လို့သိရပါတယ်။ ဒေါ်စုက မကျေမနပ်ဖြစ်တာက သူမရဲ့တဦးချင်းနဲ့ဆိုင်တဲ့အခွင့်အရေးတွေကို ကန့်သတ်ချုပ်ချယ်တာကိုဖြစ်တယ်လို့ ရှေ့နေတွေက ပြောပါတယ်။ စစ်အာဏာရှင်တွေကတော့ သူတို့ရဲ့အာဏာချုပ်ကိုင်မှုကို ထိပါးစေတဲ့သူ၊ ထိပါးစေတဲ့အကြောင်း အရာမှန်သမျှကို အားလုံးနှိပ်ကွပ်၊ တားမြစ်ပိတ်ပင်ချုပ်ချယ်ကန့်သတ်နေပါတယ်။ **(AP, 29.10.2009)**

# ရန်ကုန်တိုင်းအတွင်းရှိ ကြွပ်ကြွပ်အိတ် စက်ရုံများ အားလုံး ပိတ်ရတော့မည်

**DVB | အောက်တိုဘာ ၂၇ ။** ။ ရန်ကုန်တိုင်းရှိ ကြွပ်ကြွပ်အိတ်ထုတ်လုပ်တဲ့စက်ရုံတွေကို လာမယ့် နိုဝင်ဘာလကုန် နောက်ဆုံးထားပြီး ထုတ်လုပ်မှုရပ်ဆိုင်းရမယ်လို့ ရန်ကုန်တိုင်း အေးချမ်းဖြိုးက အမိန့်ထုတ်လိုက်ပါတယ်။

မလိုက်နာတဲ့ စက်ရုံတွေကို ပြင်းပြင်းထန်ထန် အရေးယူမယ်လို့လည်း ခြိမ်းခြောက်ထားပါတယ်။ လုံလောက်တဲ့ အချိန်အတိုင်းအတာမပေးဘဲ ကောက်ကာငင်ကာ အမိန့်ထုတ်လိုက်တာကြောင့် လုပ်ငန်းရှင်တွေဘက်က ပစ္စည်းသိုလှောင် စီမံထားတာတွေအပြင် ငွေကြေး ဆုံးရှုံးနစ်နာမှုတွေ ရင်ဆိုင်ရတယ်လို့ ဆိုပါတယ်။ ကြွပ်ကြွပ်အိတ်စက်ရုံ ၁၅၀ နီးပါး မှတ်ပုံတင်ထားပြီး မှတ်ပုံတင်မထားတဲ့ စက်ရုံတွေလည်း အများအပြားရှိတယ်လို့ လေ့လာသူတွေကပြောပါတယ်။ ရန်ကုန် လှိုင်သာယာစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က သူတို့စက်မှုဇုံမှာ ကြွပ်ကြွပ်အိတ်စက်ရုံ ၂ ရုံသာရှိပြီး နောက်ဆက်တွဲ ဆောင်ရွက်ဆဲဖြစ်တယ်လို့ ပြောပါတယ်။

“ကြွပ်ကြွပ်အိတ်က အဓိက ပတ်ဝန်းကျင် ညစ်ညမ်းတယ်၊ မြောင်းတွေပိတ်တယ်၊ ကြွပ်ကြွပ်အိတ် မသုံးခိုင်းဘဲ အစားထိုးပစ္စည်းသုံးဖို့ စီစဉ်ခိုင်းတာပါ။ ကျနော်တို့ ဆောင်ရွက်ဖို့က ပလပ်စတစ်အသင်းကိုပဲ သူတို့ဦးဆောင်ပြီး အကျိုးအကြောင်းနဲ့ ရှင်းပြဖို့ဟာ လုပ်ခိုင်းထားတော့ ပလပ်စတစ်အသင်းကို မေးရင်ပိုကောင်းပါတယ်။”

ဒီကိစ္စနဲ့ပတ်သက်လို့ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် လက်အောက်က မြန်မာနိုင်ငံ ပလပ်စတစ်လုပ်ငန်းရှင်များအသင်းက ဒီနေ့အစည်းအဝေးလုပ်တယ်လို့ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဦးလှဝင်းက ပြောဆိုပေမယ့် အသေးစိတ်ပြောဆိုတာမရှိပါဘူး။ အစိုးရရဲ့ လုပ်ဆောင်ချက်ထိရောက်မလား၊ မထိရောက်ဘူးလား ဆိုတာနဲ့ ပတ်သက်ပြီး စက်ရုံပိုင်ရှင် တဦးက…

“ချက်ချင်းလုပ်ဖို့ မလွယ်ဘူးလို့ ထင်တာပါပဲ။ ဒီဟာက အဓိကသုံးနေတဲ့ပစ္စည်းလိုဖြစ်နေတာကိုး။ ဒီအိတ်အမျိုးအစားသုံးလို့ရတော့ ကျန်တဲ့ စရိတ်စကတွေ အများကြီးကွာသွားမှာပေါ့” လို့ ပြောပါတယ်။ အစိုးရရဲ့ ကြွပ်ကြွပ်အိတ်ကင်းစင်ရေးစီမံချက်ဟာ မန္တလေးနဲ့ နေပြည်တော်မှာ လုပ်ဆောင်ခဲ့ပြီး အခုရန်ကုန်မှာ လုပ်ဆောင်မှာဖြစ်ပါတယ်။ ကြွပ်ကြွပ်အိတ် အမှိုက်သရိုက်ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာစေတဲ့အတွက် စံပြလုပ်တဲ့သဘော ဖြစ်ပါတယ်။ ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို ကန့်သတ်တဲ့အပေါ် မန္တလေးသားတဦးက သူ့အမြင်ကို အခုလိုပြောပါတယ်။

“ကြွပ်ကြွပ်အိတ်အစား အကုန်လုံး အစားမထိုးနိုင်ဘူး။ အင်ဖက်၊ ငှက်ပျောရွက်တို့က အရည်မှ ထည့်လို့မရတာ။ စားသောက်ဆိုင်တွေက ကြွပ်ကြွပ်အိတ်အစားထိုး ပလပ်စတစ်တွေ ပြန်သုံးတာပါပဲ”

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးတွေရေးသားနေတဲ့ မန္တလေးမြို့က စာရေးဆရာနေဝင်းမြင့်နဲ့ စာရေးဆရာမ ဂျူးတို့ကလည်း မကြာသေးခင်ကမှ ကြွပ်ကြွပ်အိတ်သုံးစွဲမှုနဲ့ ပတ်သက်ပြီး အန္တရာယ်ဖြစ်နိုင်ခြေကို မန္တလေးမှာ ဟောပြောပွဲလုပ်ခဲ့ပါသေးတယ်။ ကြွပ်ကြွပ်အိတ်သုံးစွဲမှု ကန့်သတ်တဲ့အတွက် အကျိုးသက်ရောက်မှုကို စာရေးဆရာနေဝင်းမြင့်က ပြောပါတယ်။

“စိတ်ဝင်တစားနဲ့ ကြွပ်ကြွပ်အိတ်မသုံးဖို့ကန့်သတ်လာတာကို ကျနော်က ကြိုဆိုပါတယ်။ ကြွပ်ကြွပ်အိတ် မသုံးရဘူးဆိုပြီး ကန့်သတ်ရုံနဲ့မပြီးသေးဘူး။ ကြွပ်ကြွပ်အိတ်နေရာကို အစားထိုးနိုင်မှသာ အဲဒီကန့်သတ်တာက အောင်မြင်မှာပါ။ အစားထိုးပြီး သုံးစရာမရှိဘူးဆိုရင် သိပ်ပြီးမအောင်မြင်နိုင်လောက်သေးဘူး။ လူတွေရဲ့ အသိစိတ်ဓာတ်မှာလည်း ကြွပ်ကြွပ်အိတ်နဲ့ပတ်သက်တဲ့ အန္တရာယ်၊ ဆိုးကျိုး၊ အသိအမြင်၊ သိပ်များများမရှိသေးဘူး။”

“တဘက်ကလည်း ဒီကြွပ်ကြွပ်အိတ်ဟာ မသုံးသင့်အောင် အန္တရာယ်များနေတဲ့အရာလို့ မြင်အောင် လုပ်သလို ကြွပ်ကြွပ်အိတ်လိုပဲ အဆင်ပြေတာတခုကို အစားထိုးနိုင်မှသာ အောင်မြင်နိုင်မယ်လို့ ကျနော်ထင်ပါတယ်။ အဲ့လိုမဟုတ်ဘဲနဲ့ ပိတ်ထားလိုက်ရင် ကြွပ်ကြွပ်အိတ်မဟုတ်ပါလို့ စာတမ်းတပ်ထားတဲ့ ပလပ်စတစ်အိတ်တွေ သုံးနေဦးမှာပဲ။ သုံးနေရင် ကြွပ်ကြွပ်အိတ် နည်းတူပဲ အန္တရာယ်ကတော့ ရှိနေဦးမှာပဲ။”

# ထောင်ထဲမှာ ဘုရားစာ မရွတ်ရဲတော့ဟု ကိုဇာဂနာ ဟာသလုပ်ပြောဆို

**DVB | အောက်တိုဘာ ၂၇ ။** ။မြစ်ကြီးနားထောင်မှာ ထောင်ဒဏ်နှစ်ရှည်ကျနေတဲ့ ရွှယ်စုံအနုပညာရှင် ဇာဂနာကို မိသားစုက ထောင်ဝင်စာသွားတွေ့ရာမှာ ထောင်လုံခြုံရေးကို အရင်ထက် တင်းကျပ်ထားပြီး ထောင်ဝင်စာပစ္စည်းတွေကိုလည်း အသေးစိတ်ရှာဖွေမှုတွေ လုပ်တယ်လို့ မိသားစုကပြောပါတယ်။

ကိုဇာဂနာကို လွန်ခဲ့တဲ့ ဇွန်လကုန်က ထောင်ဝင်စာ နောက်ဆုံး တွေ့ခဲ့ပြီး နောက် ၃ လအကြာ ဒီလ ၂၃ ရက်နေ့မှာ မိသားစုက ထောင်ဝင်စာသွားတွေ့ခဲ့တာပါ။ ဒီ ၃ လအတွင်း ထောင်လုံခြုံရေးပြောင်းလဲသွားတာကြောင့် ခရီးဝေးကလာတဲ့ မိသားစုတွေမှာ လူပန်း စိတ်ပန်းဖြစ်ရတယ်လို့ ကိုဇာဂနာ့ မိသားစုဝင် မငြိမ်းက ပြောပါတယ်။

“အခုက ပေးချင်တာ ပေးလို့ရတယ်။ အဝင်ရယ် အထွက်ရယ် အရမ်းစစ်တယ်။ ထောင်ပူးဝကနေ အထဲအထိ တော်တော်ဝင်ရသေးတာကိုး။ အဲ့ဒီမှာ တချက်စစ်၊ ပစ္စည်းတွေကို ထုတ်ပြရတယ်။ လေယာဉ်၊ ကား၊ ရထားနဲ့လာတဲ့ လူပဲဖြစ်ဖြစ် စီစဉ်ပြီးထုပ်လာတာကို သူတို့က တခုချင်းစိစစ်နေတော့ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ အင်းစိန်ထောင် ပုံစံမျိုးတွေလုပ်လာပြီ။”

ကိုဇာဂနာရဲ့ သွေးတိုး၊ နှလုံး ကျန်းမာရေး အခြေအနေက ပုံမှန်ဆေးသောက်နေတဲ့အတွက် ဆိုးဆိုးဝါးဝါးမရှိဘူးလို့ ပြောပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက မြစ်ကြီးနားမြို့မှာ ညဉ့်နက်သန်းခေါင်မိုးကြီးလို့ မြောင်းရေလျှံပြီး တိုက်ထဲကို ရေဝင်တာကြောင့် အခန်းပစ္စည်းတွေအပါအဝင် စာအုပ်တွေ ရေစိုသွားတယ်လို့ မငြိမ်းက ပြောပါတယ်။ ဒီလ ၁၅ ရက်နေ့တုန်းက ဗြိတိသျှစာပေအနုပညာရှင်များအဖွဲ့က ချီးမြှင့်လိုက်တဲ့ PEN Printer ဆုရရှိသူ နာမည်ကျော်ကဗျာဆရာ တိုနီဟယ်ရီဆင်က သူ့ရဲ့ဆုကို ကိုဇာဂနာကို ပြန်လွှဲပြောင်း ချီးမြှင့်ခဲ့ပါတယ်။

အဲဒီဆုပေးပွဲမှာ အကျဉ်းကျခံ စာရေးဆရာများဥက္ကဋ္ဌ ကာရီးလ်က ကိုဇာဂနာ စပ်ဆိုခဲ့တဲ့ ‘အကျဉ်းခန်းထဲကို၊ လရောင်ထိုးကျ၊ ခြေသံတွေလည်း၊ တိတ်ဆိတ်သွားချိန်မှာ၊ မြတ်စွာဘုရားရဲ့ဂုဏ်တော်ကို သတိရလို့၊ တရားမှတ်ရင်း၊ လွတ်မြောက်မယ့်ရက်တွေကိုစောင့်စားနေတယ်’ ဆိုတဲ့ ကဗျာကို ရွတ်ဆိုသွားခဲ့ပါတယ်။ ကိုဇာဂနာက အဲဒီဆုအတွက် ကျေးဇူးတင်ကြောင်းနဲ့ သူ ရေးခဲ့တဲ့ အဲ့ဒီကဗျာထဲကလို ဘုရားစာဂုဏ်တော်တွေကို ထောင်ထဲမှာ မရွတ်ရဲတော့ဘူးလို့ သတင်းပါးလိုက်တယ်လို့ မငြိမ်းက ပြောပါတယ်။

“ကဗျာတွေက သူ ၉၀ တုန်းက ရေးခဲ့တာတဲ့။ သူတို့ကို ပြောတော့ ပြောပြလိုက်ပါတဲ့။ ဗုဒ္ဓရဲ့တရားတော်လည်း ထောင်ထဲမှာ မရွတ်ဖြစ်တော့ပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓတရားတော်ရွတ်နေတဲ့ ဘုန်းကြီးတွေတောင် ထောင်ထဲရောက်နေတော့ ကိုယ်လည်း မရွတ်ရဲတော့ဘူးတဲ့။”

ရွှယ်စုံအနုပညာရှင် ဇာဂနာကို နအဖစစ်အုပ်စုက ရှစ်လေးလုံးလူထုအုံကြွမှုအပြီး ၁၉၈၈ မှာ ၁ ကြိမ်၊ ၁၉၉၀ ရွေးကောက်ပွဲမတိုင်ခင် မေလမှာ ၁ ကြိမ် ဖမ်းဆီးထောင်ချခဲ့ပါတယ်။ ၂၀၀၈ မှာ နာဂစ်မုန်တိုင်းဒုက္ခသည် ကယ်ဆယ်ရေးလုပ်ငန်းတွေကိုလုပ်ရင်း အားကစားအယ်ဒီတာ ကိုဇော်သက်ထွေးနဲ့အတူ ဖမ်းဆီးခံရပြီး ထောင်ဒဏ် ၅၉ နှစ် အပြစ်ပေးတာခံခဲ့ရပါတယ်။ အဲ့ဒီနောက် အယူခံလျှော့ပေါ့ပေးတဲ့အတွက် လောလောဆယ် ထောင်ဒဏ် ၃၅ နှစ်နဲ့မြစ်ကြီးနားထောင်မှာ အကျဉ်းနေတာ ဖြစ်ပါတယ်။

# မြို့နယ် စည်ပင်က နာရေးကူညီမှုအသင်းကို တရားစွဲတော့မည်

**DVB ၊ အောက်တိုဘာ ၂၈ ။** ။ ဇူလိုင်လက မြောက်ဒဂုံကို ပြောင်းရွှေ့ဖွင့်ထားတဲ့ နာရေးကူညီမှုအသင်း ဆေးခန်းအဆောက်ဦးကို အသုံးပြုခွင့်မရသေးဘဲ ဆေးခန်းဖွင့်မှုနဲ့ နာရေးကူညီမှုအသင်းကို မြို့နယ်စည်ပင်သာယာက တရားစွဲဖို့ ပြင်နေပါတယ်။

မြောက်ဒဂုံကို ပြောင်းရွှေ့ဖွင့်ထားတဲ့ နာရေးကူညီမှုအသင်း ဆေးခန်းရှေ့ ရေမြောင်းမတူးလို့ဆိုပြီး မြို့နယ်စည်ပင်က အဆောက်အဦး အသုံးပြုခွင့် ချမပေးဘူးလို့ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌဦးကျော်သူ က ပြောပါတယ်၊ ဒီလဆန်းပိုင်းက ၅ ပေအကျယ် ၅ ပေ အနက်ရှိတဲ့ ရေမြောင်းတခု ဆေခန်းရှေ့မှာတူးဖို့မြို့နယ်စည်ပင်က ညွှန်ကြားခဲ့ပြီး မတူးရင် အဆောက်အဦးအသုံးပြုခွင့်မပေးဘူးလို့ပြောဆိုခဲ့ပါတယ်။ ပတ်ဝန်းကျင်က ရေမြောင်းမတူးဘဲ နာရေးကူညီမှုအသင်း ဆေးခန်းရှေ့တခုတည်းမှာသာ တူးထားမယ်ဆိုရင် ရေလှောင်ကန်လိုဖြစ်သွားပြီး ခြင်ပေါက်ဖွားလာနိုင်လို့ ကျန်းမာရေးနဲ့မညီညွတ်တဲ့အတွက် မတူးတာလို့ ဦးကျော်သူက ပြောပါတယ်။ အဆောက်အဦး အသုံးပြုခွင့် မရသေးဘဲ ဆေးခန်းဖွင့်နေတဲ့အတွက် တရားစွဲဆိုဖို့ မြို့နယ်စည်ပင်က ဒီနေ့ ဆင့်ခေါ်ထားတယ်လို့ ဦးကျော်သူ က ပြောပါတယ်။

"စွဲတော့ မစွဲသေးဘူး၊ စွဲဖို့လုပ်နေပြီ။ ဒီနေ့ပဲ မြို့နယ်ရုံးကို တရားစွဲဖို့ ကိစ္စပြောဖို့ဆိုပြီးတော့ ခေါ်တာပဲ။ ကျနော်တော့ မသွားဘူး။ မသွားတာက တရားစွဲမယ်ဆိုရင် နာမည်ပေးပါတဲ့၊ ဘယ်သူ့ကို စွဲရမလဲတဲ့၊ ကျော်သူကို စွဲပါဆိုပြီးတော့ ကျနော့်နာမည် ပေးထားပြီးပြီ။ ရုံးချိန်းခေါ်လည်းမသွားဘူး၊ တရားရုံးခေါ်လည်း မသွားဘူး၊ ဖမ်းသာ ဖမ်းလိုက်တော့လို့ ကျနော် ပြောထားပြီးပြီ။"

မြို့နယ်စည်ပင်ရုံးရဲ့ ဆင့်ခေါ်မှုကို မသွားတာနဲ့ ပတ်သက်ပြီးတော့လည်း ဦးကျော်သူက ပြောပါတယ်။

"ကျနော်တို့က မှန်တဲ့ဟာ လုပ်နေတာ။ တိုင်းပြည်ကို ပုန်ကန်ဖို့လုပ်နေတာမဟုတ်ဘူး။ ပြည်သူကို ပံ့ပိုးကူညီတဲ့ကိစ္စလုပ်နေတာ၊ ကုသိုလ်ဖြစ် အားလုံးအခမဲ့လုပ်ပေးနေတာ၊ ဒီလိုတရားစွဲမယ်ဆိုလည်းစွဲပေါ့၊ မတတ်နိုင်တော့ဘူး။"

နာရေးကူညီမှုနဲ့ ဆေးခန်းကို ရပ်ထားလို့မရတဲ့အတွက် အဆောက်အဦးကို ဆက်လက်အသုံးပြုခွင့်ပေးဖို့ အထက်ကို စာတင်ဖို့ လုပ်နေဆဲလို့လည်း ဦးကျော်သူက ပြောပါတယ်။

"စာတင်ဖို့လုပ်နေတယ်။ ခရိုင်က ကျနော်တို့ အဆောက်အဦးကို လာကြည့်ပြီး ဓာတ်ပုံတွေဘာတွေ ရိုက်ပြီးသွားတော့ သူတို့ဆီက ခွင့်ပြုတယ်ဆိုတဲ့ဟာနဲ့ကျနော်တို့ပြန်တင်ရမှာ။ သူတို့ဆီက ခွင့်ပြုတယ်ဆိုတဲ့စာက အခုအထိမရသေးဘူး။ အဲဒီစာရမှ ကျနော်တို့က မြို့နယ်ကိုလျှောက်ရမှာ၊ ခရိုင်ကစာ မရသေးတော့ လျှောက်လို့မရသေးဘူး။ မရဘူးဆိုပေမယ့် ကျနော်တို့က လုပ်မှာပဲ။ ရပ်လို့မရဘူး၊ ဒီဟာက လူနာတွေက တောက်လျှောက် ကြည့်ပေးနေရတာ၊ ဥပမာ မျက်စိခွဲစိတ်မယ့်လူ လာတယ်ဆိုရင် ခွဲပြီးရင်လည်း ဆရာဝန်နဲ့ အဆက်ပြတ်လို့မရဘူး။ ဆရာဝန်က ဆက်ပြီးကြည့်ပေးနေရတယ်။ ဆေးခန်းပိတ်လို့ မဖြစ်ဘူး၊ လုံးဝ ပိတ်လို့မရဘူး။ နာရေးကိစ္စလည်း ပိတ်လို့မရဘူး။ ကျနော်တို့ ဒီအလုပ်က လုပ်နေရမှာပဲ။"

နာရေးကူညီမှုအသင်းကို ၂၀၀၁ က စတင် ဖွဲ့စည်းခဲ့ပြီး နာရေးကိစ္စအခက်ကြုံနေသူတွေကို အခမဲ့ကူညီသင်္ဂြိုဟ်ပေးနေတဲ့အပြင် စေတနာရှင်ဆရာဝန်တွေရဲ့ကူညီမှုနဲ့ သုခဆေးခန်းကို တည်ထောင်ထားပြီး တနေ့ကို လူနာ ၂၀၀ နီးပါး အခမဲ့ ကုသပေးနေတာဖြစ်ပါတယ်။

# ကိုအေးမင်းနိုင် ထောင်ဆေးရုံတင်

**DVB ၊ အောက်တိုဘာ ၂၇ ။** ။ ပဲခူးတိုင်း သာယာဝတီထောင်ကနေ ရန်ကုန်မြို့ အင်းစိန်ထောင်မှာ ဆင့်ခေါ်ထားတဲ့ ထောင်ဒဏ် ၃၈ နှစ်ကျတဲ့ အေဘီအက်စ်ဒီအက်ဖ်အဖွဲ့က ကိုအေးမင်းနိုင်ဟာ ကျမ်းမာရေးဆိုးနေတဲ့အတွက် အထူးကုနဲ့ ဆေးကုခွင့်ပေးဖို့တောင်းဆိုနေတယ်လို့ သူ့ရဲ့ရှေ့နေက ပြောပါတယ်။

ကိုအေးမင်းနိုင်ဟာ ခေါင်းမှာနာကျင်တဲ့ဝေဒနာ၊ နှလုံးနဲ့လည်ပင်း အကျိတ်တွေဖြစ်နေပြီး ကျမ်းမာရေးဆိုးဝါးလာလို့ ပြီးခဲ့တဲ့အပတ်က ထောင်ဆေးရုံကို တင်ထားရတယ်လို့ပြောပါတယ်။ ဒီနေ့မှာ ကိုအေးမင်းနိုင်နဲ့အတူ တခြား ၆ ဦးကိုလည်း ဖောက်ခွဲမှုပုဒ်မ အပါအဝင် ပုဒ်မ ၃ ခုနဲ့ ထပ်မံတရားစွဲဖို့အတွက် အင်းစိန်ထောင် တရားရုံးတင် စစ်ဆေးခဲ့လို့ သိခဲ့ရတာလို့ အကျိုးဆောင်ရှေ့နေ ဦးကျော်ဟိုးက ပြောပါတယ်။

"ကိုအေးမင်းနိုင်တို့ ၇ ဦး အမှုမှာ ဒီနေ့ ရုံးချိန်းထုတ်တယ်။ ကိုအေးမင်းနိုင်က ကျန်းမာရေးမကောင်းဘူး။ အဲ့ဒီအတွက် ထောင်ဆရာဝန်က သွေးစစ်ရမယ်၊ လည်ပင်းအကျိတ် ဂလင်းအရည်စစ်ရမယ်လို့ သူ့ကို ပြောထားတာ ကြာပြီပေါ့။ အခုအထိ မစစ်ရသေးဘူး။ ပြီးခဲ့တဲ့အပတ်ကမှ ထောင်ဆေးရုံတင်လိုက်ပေမယ့် မစစ်ရသေးဘူး။ ထောင်ဆေးရုံဝန်ထမ်းတွေကို အထူးကုနဲ့ ပြချင်တယ်လို့သူကပြောထားတယ်။ ဘာမှတော့လုပ်မပေးသေးဘူး။သူ့ခေါင်းတခုလုံးနာနေပြီးနှလုံးရောဆိုတော့ နေလို့မကောင်းဘူးပေါ့။ မှတ်ဉာဏ်တွေချို့ယွင်းနေတယ်။"

ကိုအေးမင်းနိုင်နဲ့အတူ တခြား ၆ ဦးက ကိုအေးမင်းနိုင်ရဲ့ ဇနီး မစန်းစန်းမော်၊ ဒေါ်ခင်ရီ၊ အေဘီအက်စ်ဒီအက်ဖ် တပ်စုမှူးကျော်စွာလင်း၊ စောလွင်၊ ထက်ကိုလွင်နဲ့ ကျန်တဦးဖြစ်ပါတယ်။ သူတို့ကို မနှစ်က ပြည်မှာ ဖမ်းဆီးပြီး၊ ဖောက်ခွဲမှု၊ မတရားအသင်း၊ လက်နက်မှုအပြင် တခြားပုဒ်မတွေနဲ့ ပြည်ထောင်မှာ ထောင်ဒဏ် နှစ် ၂၀ ကနေ ၃၈ နှစ်အထိချပြီးဖြစ်ပါတယ်။ စီရင်ချက်ချလိုက် တဲ့သူတို့ကို ပြည်ထောင်ကနေ သာယာဝတီထောင်ကို ထောင်ပြောင်းထားပြီး၊ ၁ နှစ်အကြာမှ ဖောက်ခွဲမှုအပါအဝင် နောက်အမှု ၃ မှု စစ်ဆေးဖို့ ရန်ကုန်မြို့ အင်းစိန်ထောင်ကို ခေါ်ဆောင်လာခဲ့တာဖြစ်ပါတယ်။ သူတို့အမှုအတွက် ရှေ့နေတွေဖြစ်တဲ့ ဦးကျော်ဟိုး၊ ဦးခင်မောင်လတ်နဲ့ ဦးအေးသိန်းတို့က လိုက်ပါဆောင်ရွက်ပေးခဲ့တယ်လို့ သိရပါတယ်။

# တရုတ်ကောင်စစ်ဝန်ရုံးကို ဆန္ဒပြ

**DVB ၊ အောက်တိုဘာ ၂၈ ။** ။ ဒီနေ့ နေ့လယ်ပိုင်းက ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ တရုတ်ကောင်စစ်ဝန်ရုံးကို မြန်မာ့အရေးလှုပ်ရှားသူတွေက ဆန္ဒပြခဲ့ကြပါတယ်။ တရုတ်ကောင်စစ်ဝန်ရုံးကို ရွှေဂတ်စ်လှုပ်ရှားမှုအဖွဲ့နဲ့ မြန်မာ့မိတ်ဆွေများအဖွဲ့တို့ ပူးပေါင်းပြီး ဒီနေ့ နေ့လယ် ၂ နာရီခွဲခန့်က ဆန္ဒပြခဲ့ကြတာပါ။

ဆန္ဒပြရတဲ့ရည်ရွယ်ချက်ကို ရွှေဂတ်စ်အဖွဲ့က နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးမှူး ဦးဝင်းအောင်က ပြောပါတယ်။

"အဓိကရည်ရွယ်ချက်က လက်ရှိလုပ်နေတဲ့ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းနဲ့တခြားရေနံပိုက်လိုင်းတွေဟာ နအဖစစ်အုပ်စုနဲ့ တရုတ်အစိုးတို့ရဲ့ မဟာဗျူဟာကျတဲ့ စီမံကိန်းဖြစ်တယ်။ ဒီစီမံကိန်းကြောင့် ဖြစ်ပေါ်လာမယ့် ဆိုးကျိုးတွေနဲ့ ၂ နိုင်ငံကြားမှာဖြစ်ပေါ်လာနိုင်တဲ့ ပဋိပက္ခတွေကိုလည်း ထဲထဲဝင်ဝင်စဉ်းစားဖို့လိုတဲ့အတွက် တရုတ်အစိုးရကို လောလောဆယ် ဒီစီမံကိန်းကို ရပ်တန့်ပေးဖို့တောင်းဆိုပြီး ဆန္ဒပြတာဖြစ်တယ်။"

ရခိုင်ကမ်းလွန်ပင်လယ်ကနေ တရုတ်ပြည် ယူနန်ဒေသအထိ တရုတ်အစိုးရပိုင် CNPC ရေနံကုမ္ပဏီက ဓာတ်ငွေ့ပိုက်လိုင်း ဖောက်လုပ်နေတာဖြစ်ပြီး အဲဒီစီမံကိန်းကြောင့် စီမံကိန်းလျာထားတဲ့ဒေသတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေပြီး ကမ်းလွန်ရေနံ တူးဖော်တဲ့ဒေသတွေမှာ ငါးဖမ်းခွင့်တွေ ပိတ်ပင်နေသလို ရခိုင်ပြည်နယ်ထဲ ပိုက်လိုင်းသွယ်တန်းဖို့ လယ်ယာမြေ သိမ်းတာတွေလည်းရှိနေတယ်လို့ ရွှေဂတ်စ်အဖွဲ့က ပြောပါတယ်။

ဒီနေ့ပြုလုပ်တဲ့ ဆန္ဒပြပွဲဟာ နိုင်ငံတကာလှုပ်ရှားမှုအနေနဲ့ ပြုလုပ်တာဖြစ်ပြီး ထိုင်းနိုင်ငံအပြင် အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ ဩစတြေးလျား၊ ဆွီဒင်စတဲ့နိုင်ငံတွေက တရုတ်သံရုံးတွေကို ဆန္ဒပြတယ်လို့လည်း ဦးဝင်းအောင်က ပြောပါတယ်။

# ရွှေပြည်သာနှင့် ဒိုက်ဦးက ကလေးစစ်သား နှစ်ဦး အခြေအနေ

**DVB ၊ အောက်တိုဘာ ၂၈ ။** ။ ဒီနှစ် ဧပြီလအတွင်းက တပ်ထဲရောက်သွားတဲ့ ရန်ကုန်တိုင်း ရွှေပြည်သာက ၁၀ တန်းကျောင်းသား မောင်ချစ်ကိုဦးကို နေအိမ်ပြန်ပို့ပေးမယ်လို့ တပ်က ကတိပေးထားပေမယ့် အခုအချိန်အထိပြန်ရောက်မလာသေးလို့ မိသားစုက စိုးရိမ်နေပါတယ်။

ကားဝပ်ရှော့မှာ အလုပ်လုပ်နေတဲ့ အသက် ၁၆ နှစ်အရွယ် မောင်ချစ်ကိုဦးကို အောင်ဆန်း ခလရ ၉၀ က စည်းရုံး ခေါ်သွားတာလို့ သူ့မိခင် ဒေါ်သန္တာက ပြောပါတယ်။ အဲဒီနောက် အိုင်အယ်လ်အိုကနေတဆင့် မေတ္တာရပ်ခံစာတင်ခဲ့တာကြောင့် ခေါ်သွားတဲ့တပ်က နေအိမ်အထိ လိုက်လာပြီး ပြန်ပို့ပေးမယ်လို့ကတိပေးသွားတဲ့ အကြောင်းကို ဒေါ်သန္တာက ပြောပါတယ်။

"စစ်တပ်က အောင်ဆန်း ခလရ ၉၀ က ကျမတို့ဆီကို လိုက်လာတာ။ ပြန်ပို့ပေးမယ်ပေ့ါ။ သူတို့က ကျမတို့ကို အသနားခံစာနဲ့ တင်ထားတာလားတဲ့။ ကျောင်းက ၁၀ တန်း ပြန်တက်ရမှာဆိုတော့ သူတို့က ပြန်လုပ်ပေးမယ်တဲ့။ ဒီကလေးကို အသက်မပြည့်လို့ ၁၈ နှစ်ပြည့်မှ တပ်မတော်ထဲကို ဝင်ရောက်ခွင့်ရှိတာကြောင့် ပြန်ထုတ်ပေးမယ်ဆိုပြီး ၁ လခွဲ စောင့်ပါလို့ပြောတယ်။ အခု ၁ လကျော်သွားပြီ ဘာမှသတင်းက မထူးခြားဘူး။"

မောင်ချစ်ကိုဦး သထုံလေ့ကျင့်ရေးတပ်မှာရှိနေစဉ် စက်တင်ဘာလအတွင်းက သွားတွေ့ခဲ့တာနဲ့ပတ်သက်လို့ ဒေါ်သန္တာက ပြောပါတယ်။

"စစ်တပ်ထဲကိုဝင်ရင် ၁၀ တန်းဆိုရင် တပ်ကြပ်ကြီးစာရေး၊ တပ်ကြပ်ကြီးစာရေးကနေ ဗိုလ်သင်တန်းဖြေလို့ရတယ်ဆိုပြီး စကားပြောကောင်းကောင်းနဲ့ ဆွယ်တော့ ကလေးကပါသွားတာတဲ့။ ကျမကိုတွေ့တော့ ငိုတာပေ့ါ။ မိဘတွေပြန်ခေါ်တော့ သူကပြန်လိုက်ချင်တယ်။ ကလေးက ၁၀ တန်း ပြန်တက်ချင်တယ်ပဲပြောတယ်။ ကျန်တာ ဘာမှမပြောဘူး။ ကျမတို့က အသက်မပြည့်သေးလို့ မထားချင်ဘူး။ အသက်ပြည့်လည်းမထားချင်ဘူး။ ပြန်ခေါ်ချင်တယ်။"

အခု မောင်ချစ်ကိုဦးကို ထားဝယ်အခြေစိုက်တပ်ထဲ ပို့ထားတာဖြစ်ပါတယ်၊ အောက်တိုဘာလဆန်းပိုင်းက ရမည်းသင်းတပ်ဆီခေါ်သွားတဲ့ ဒိုက်ဦးမြို့နယ် ဂဒိုင်ကျေးရွာက ၇ တန်းကျောင်းသား မောင်သန်းထိုက်အောင်ကို မိဘတွေနဲ့အတူ ပြန်ထည့်ပေးလိုက်တယ်လို့ ပြီလို့ ပဲခူးမြို့လမ်းပြကြယ်အဖွဲ့က ရှေနေဦးအေးမြင့်က ပြောပါတယ်။

"၉ ရက်နေ့မှာ ဒိုက်ဦးမှာပါသွားတဲ့ မောင်သန်းထိုက်အောင်ကိစ္စကျမှ တပ်ချုပ်ကြီးကိုယ်တိုင် ဒီကိစ္စတွေကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေပြီဆိုတာ သိသွားတယ်။ အဲ့ဒီကြေညာတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပဲခူးမှာရှိတဲ့ တပ်မဟာ ၇၇ က ဂျီဝမ်း၊ စရဖမှာရှိတဲ့ တပ်မှူးအားလုံးက ဒိုက်ဦးနယ်မှာ ရှိတဲ့လူတွေက ခြေလျှင်ဘက်ကို ပြန်ပြောင်းရတဲ့ ဘဝဖြစ်ပြီး သူတို့မေတ္တာရပ်ခံတဲ့အနေနဲ့ နောက်ပိုင်းမှာ မရရအောင်ထုတ်ပေးပါ့မယ်။ တပ်မတော်သိက္ခာကျအောင် မဆောင်ရွက်ဖို့ သူတို့ထုတ်ပေးပါ့မယ်။ အိုင်အယ်လ်အိုကိုလည်း မတိုင်ပါနဲ့ဆိုတဲ့ အဆင့်ဖြစ်လာတယ်။ ဒီလ ၂၃ ရက်နေ့က ပြန်ရောက်လာတယ်။"

# ဖွဲ့စည်းပုံမပြင်လျှင် ရွေးကောက်ပွဲမဝင်

**DVB ၊ အောက်တိုဘာ ၂၈ ။** ။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အစိုးရဘက်က ပြင်ဆင်ပေးဖို့ သဘောတူမယ်ဆိုရင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ တိုင်းသားပါတီတခုအနေနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်မယ်လို့ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီက ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

ဒီအကြောင်းကို ဒီလ ၂၄ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီ ထူထောင်ခြင်း နှစ် ၂၀ ပြည့် ထုတ်ပြန်ကြေညာချက်မှာ ဖော်ပြထားတာပါ။ ၂၀၀၈ ခုနှစ်မှာ နအဖအစိုးရရေးဆွဲအတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူနည်းစုဖြစ်တဲ့ တပ်မတော်သားတွေကို အကာအကွယ် ပေးထားပြီး တပ်မတော်အုပ်ချုပ်ရေးစနစ်ကို အခွန့်ရှည်အောင်စီမံထားပြီး ဒီမိုကရေစီစနစ်နဲ့ကွဲလွဲနေတာကြောင့် ဇိုမီးအမျိုးသားကွန်ဂရက်ပါတီက ပြင်ဆင်ပေးဖို့ ဒီကြေညာချက်ကနေ တောင်းဆို လိုက်တာပါ။

နအဖစစ်အုပ်စုဘက်က ဖွဲ့စည်းပုံအခြေခံဥပဒေကို အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေ လက်ခံနိုင်လောက်အောင် ပြင်ဆင်မပေးဘူးဆိုရင် ရွေးကောက်ပွဲ မဝင်ဘူးလို့လည်း အဲ့ဒီကြေညာချက်ကဆိုပါတယ်။ ဇိုမီးအမျိုးသားကွန်ဂရက် ပါတီအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တသဘောတည်းရှိပြီး ရွှေဂုံတိုင်ကြေညာချက်ကို ထောက်ခံထားပါတယ်။ တိုင်းရင်းသားပါတီတခုအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို တောင်းဆိုထားပေမယ့် နအဖအစိုးရဘက်က ပြင်ဆင်ဖွယ်မရှိတဲ့ အခြေအနေမျိုးလည်းဖြစ်နေတယ်လို့ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌပူကျင့်ရှင်းထန်က ပြောပါတယ်။

"ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ စစ်မှုထမ်းဟောင်းနေ့မှာ ပြောတဲ့စကားအတိုင်းဆိုရင် ဒါအထိမခံဘူး၊ ဒီအတိုင်းပဲလုပ်မယ်၊ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ဟာမျိုးဖြစ်နေတော့ လက်မခံတဲ့သဘောဖြစ်နေပါတယ်။ လူတွေက မပြောပေမယ့် ဒီဥစ္စာကို မကျေနပ်တာအများစုပါ။ တကယ်လို့များ ပြုပြင်မယ်ဆိုရင် ကျနော်တို့ဝမ်းသာတာပေ့ါ။"

ဇိုမီးအမျိုးသားကွန်ဂရက်ပါတီဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် ၂၀၀ စာ အနိုင်ရရှိခဲ့တဲ့ တိုင်းရင်းသားပါတီတခုဖြစ်သလို ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီမှာလည်း ပါဝင်ထားပါတယ်။ တိုင်းရင်းသား ၁၂ ပါတီ ပူးပေါင်းထားတဲ့ ယူအန်အေခေါ် ပြည်တောင်စုတိုင်းရင်းသားများ တပ်ပေါင်းစုမှာလည်း အဖွဲ့ဝင်ပါတီတခုဖြစ်ပါတယ်။

# KNU ခေါင်းဆောင်နေအိမ်တချို့ကို ရှာဖွေ

**DVB ၊ အောက်တိုဘာ ၂၇ ။** ။ ထိုင်းမြန်မာနယ်စပ် မဲဆောက်မြို့က KNU ထိပ်ပိုင်းခေါင်းဆောင်နဲ့ KNLA တပ်မှူးတချို့ရဲ့ နေအိမ်တွေကို ထိုင်းစစ်တပ်နဲ့ ရဲတွေက ဒီနေ့မနက်ပိုင်းမှာ ဝင်ရောက်ရှာဖွေသွားတယ်လို့ သိရပါတယ်။

KNU အရာရှိတွေရဲ့အဆိုအရ ကေအန်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တာမလာဘောနဲ့ အထွေထွေအတွင်းရေးမှူး နော်ဆီဖိုးရာစိန်ရဲ့နေအိမ်အပါအဝင် အနည်းဆုံး ၁၀ နေရာကျော်ကို ဝင်ရောက်ရှာဖွေခဲ့တယ်လို့သိရပြီး ဘာကြောင့်ရှာဖွေတယ်ဆိုတာ မသိရသေးပါဘူး။ ထိုင်းအာဏာပိုင်တွေက တရားဝင်နေထိုင်တဲ့ စာရွက်စာတမ်း ရှိမရှိရှာဖွေတာထက် လက်နက်ခဲယမ်း မီးကျောက် ရှာဖွေတာဖြစ်တယ်လို့ KNU အရာရှိတွေက ပြောပါတယ်။ အခုလိုရှာဖွေတာဟာ ထိုင်းအာဏာပိုင်တွေက KNU အဖွဲ့နဲ့ လက်နက်ကိုင် ကရင့်စစ်တပ်ဖြစ်တဲ့ ကရင်လွတ်မြောက်ရေးတပ်မတော် KNLA ကို ဖိအားပေးတာ ဖြစ်နိုင်တယ်လို့ နယ်စပ်က မြန်မာအရေး လေ့လာသူတွေက သုံးသပ်ပါတယ်။

KNLA တပ်မှူးတဦးဖြစ်တဲ့ ဗိုလ်မှူးကြီး နာဒါမြရဲ့ ဇနီးအိမ်မှာ မိုင်းလုပ်ရာမှာ အသုံးပြုနိုင်တဲ့ ယမ်းတစ်ချို့ကို တွေ့ရှိတဲ့အတွက် နာဒါမြရဲ့ ဇနီးဖြစ်သူကိုဖမ်းဆီးထားတယ်လို့ ထိုင်းမြန်မာနယ်စပ်ကလာတဲ့ သတင်းတွေအရသိရပါတယ်။ ဒီနှစ်ဆန်းပိုင်းတုန်းက ဗိုလ်မှူးကြီး နာဒါမြကို တရားမဝင် လက်နက်ကိုင်ဆောင်မှုနဲ့ထိုင်းအာဏာပိုင်တို့က တရားစွဲဖူးပါတယ်။ ထိုင်းစစ်တပ်နဲ့ရဲ ပူပေါင်းအင်အားတွေက မဲဆောက်မြို့က KNU ထိပ်ပိုင်းခေါင်းဆောင်တချို့ရဲ့ နေအိမ်တွေကိုဝင်ရောက်စီးနင်းရှာဖွေတဲ့အတွက် မြန်မာအတိုက်အခံရုံးတချို့နဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမား ကလေးများ စာသင်ကျောင်းတချို့လည်း ပိတ်ထားရတယ်လို့ သိရပါတယ်။

# နိုင်ငံလုံးကျွတ်ညီလာခံ ခေါ်ယူကျင်းပရန် အဖွဲ့ချုပ်ဗဟိုကို ထပ်မံတောင်းဆို

**DVB ၊ အောက်တိုဘာ ၂၈ ။** ။ လက်ရှိ နိုင်ငံရေးအခြေအနေအရ နိုင်ငံလုံးကျွတ် ညီလာခံကျင်းပပေးဖို့ မန္တလေးတိုင်း တောင်သာနဲ့သာစည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထပ်မံတောင်းဆိုပါတယ်။

ဒီလ ၂၃ ရက် တောင်သာမြို့နယ်မှာ ပြုလုပ်တဲ့ အဖွဲ့ချုပ်အစည်းအဝေးမှာ အဲ့ဒီလို တောင်းဆိုတဲ့အပြင်၊ ဒီနေ့ သာစည်မြို့မှာ ပြုလုပ်တဲ့ လပတ်ပုံမှန်အစည်းအဝေးအတွင်းမှာလည်း ထပ်မံတောင်းဆိုသွားတာပါ။ ဒါဟာ ပြီးခဲ့တဲ့ ၂၂ ရက်နေ့က အဖွဲ့ချုပ်ဗဟိုကနေ ညီလာခံခေါ်ဖို့မဖြစ်နိုင်သေးကြောင်း တရားဝင်ကြေညာအပြီး အဲဒီလို တောင်းဆိုမှုတွေ ဆက်တိုက်ထွက်ပေါ်လာတာပါ။ လက်ရှိနိုင်ငံရေးခြေအနေ၊ ပါတီအနေအထားအရ ခေါ်ပေးလို့မဖြစ်နိုင်ဘူးလို့ အကြောင်းပြချက်ပေးတဲ့အပေါ် တောင်သာမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည် နဲ့ ဦးတင်ဦးလွှတ်မယ်၊ မလွှတ်ဘူး ဆိုတာက စစ်အစိုးရအပေါ်မှာ အများကြီးမူတည်တယ်။ အကယ်၍ ဒေါ်စုနဲ့ဦးတင်ဦးမလွှတ်လို့ မခေါ်ဘူးဆိုရင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းဖို့အတွက် ဒိုင်ယာလော့ခ် ခေါ်ဖို့ကိစ္စဟာ အားမပါရင် တွေ့ဆုံဆွေးနွေးရေးဟာ ဘယ်လိုမှ အစစ်အမှန်မဖြစ်နိုင်ဘူး။ တွေ့ဆုံဆွေးနွေးရေး အစစ်အမှန်ဖြစ်မှ နိုင်ငံရေးအကျပ်အတည်းကို နိုင်ငံရေးအရ ဖြေရှင်းတဲ့ နည်းလမ်းမှန်ဖြစ်တာမို့ ကျနော်တို့က အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းပြည် ဒီမိုကရေစီနိုင်ငံထူထောင်ရေးက အောင်မြင်တယ်လို့ ကျနော်တို့က ယူဆတဲ့အတွက် ကျနော်တို့ အင်းအားရှိတဲ့လူနဲ့လိုအပ်ရင် ခေါ်ရမှာပဲ။ အဲ့ဒီလို့ နားလည်တယ်။”

သာစည်မြို့နယ် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးသိန်းမောင်၊ ဒုဥက္ကဋ္ဌဦးလှမြင့်နဲ့ ဦးမြင့်ဝေ အပါအဝင်စည်းအဖွဲ့ဝင်နဲ့ အဖွဲ့ချုပ်ဝင် ၂၀ လောက် တက်ရောက်ခဲ့တယ်လို့သိရပါတယ်၊ ဆွေးနွေးမှုအတွင်း ညီလာခံခေါ်ရေးကိစ္စကို အဓိက ဆွေးနွေးသွားတယ်လို့ အဲဒီအစည်းအဝေးကို တက်ရောက်ခဲ့တဲ့ မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူးဒေါ် မြင့်မြင့်အေးက ပြောပါတယ်။

“အဓိကအချက်က နိုင်ငံလုံးဆိုင်ရာ ညီလာခံခေါ်ဖို့ကိစ္စနဲ့ပတ်သက်ပြီး မိတ္ထီလာခရိုင်မှာ ဆွေးနွေးတဲ့အခါ ကျမက တိုင်းကိုတင်မယ့် စာတွေကို သူတို့ကို ပြန်ပြီးဆွေးနွေးတယ်။ အဲ့ဒီအထိ သူတို့လက်ခံတယ်။ သူတို့ဘက်က ခေါ်မပေးနိုင်ဘူးလို့ အကြောင်းပြန်တာကို ဘယ်လိုဆက်လုပ်မလဲ။ သူတို့ဘက်က ဆက်စောင့်မယ်။ ခင်ဗျားတို့ တောင်းတာဟုတ်တယ်။ ကျနော်တို့သွားမယ့် လမ်းကြောင်းအတိုင်းလုပ်မယ်။ ခင်ဗျားတို့ကိုယ်တိုင်လည်း ရန်ကုန်ကို သွားတွေ့ဖို့လိုမယ်။ အဲ့လိုမျိုး ပြန်ဆွေးနွေးတယ်။”

မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံခေါ်ရေးကိစ္စကို မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ မလိုင် ၄ မြို့နယ်၊ ရမည်းသင်းခရိုင်က ပျော်ဘွယ်၊ ရမည်သင်း၊ တပ်ကုန်း၊ လယ်ဝေး၊ တောင်သာ၊ သာယာဝတီခရိုင်က ၆ မြို့နယ်၊ တောင်ငူခရိုင်က ၅ မြို့နယ်၊ ပဲခူးခရိုင်က ၅ မြို့နယ်တို့ဖြစ်တယ်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။ ဒါဟာ အနည်းစုကသာ တောင်းဆိုတယ်လို့ ပြောနေပေမယ့် ပါတီဝင်တွေကို လေးစားတဲ့အနေနဲ့ တနည်းနည်းနဲ့ လုပ်ပေးသင့်တယ်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

“နေရာတကာတိုင်း ဗဟိုညွှန်ကြားချက်ကို အဓိကထားနေတဲ့ မြို့တွေရှိပါသေးတယ်။ ကျမတို့က ဒီမိုကရေစီကို ဦးတည်ပြီး သွားနေတာဖြစ်တဲ့အတွက် အောက်ခြေ ပါတီဝင်ထုက လိုအပ်လာလို့တောင်းဆိုတဲ့အခါ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အလေးထားပေးရမှာဖြစ်တယ်။ ဗဟိုရဲ့ အကြောင်းပြန်ချက်မှာ လုံလောက်မှုမရှိဘူး။ မြို့နယ် ကိုယ်စားလှယ်တွေ ရွေးချယ်ဖို့ခက်တယ်လို့ပြောတယ်။ အမှန်က ရွေးချယ်ဖို့ မခက်ပါဘူး။”

“လက်ရှိ လှုပ်ရှားနေတဲ့ မြို့ကိုပဲ ခေါ်မယ်ဆိုရင် လူ ၁၅၀၊ ၂၀၀ လောက် ကျမတို့ ခေါ်လို့ရပါတယ်။ အောက်ခြေပါတီဝင်ထုနဲ့ အနှစ် ၂၀ လောက် ခါးစည်း ရင်စည်းပြီး ကြံ့ကြံ့ခံလုပ်နေတဲ့ ပါတီဝင်ဟာ မြို့နယ် ၁၀၀ လောက်ပဲ ရှိပါတော့တယ်။ အဲ့ဒီလူအမာခံတွေနဲ့လုပ်မယ်ဆိုရင် ရှေ့အနာဂါတ်လမ်းကြောင်းကို အများကြီး စဉ်းစားလို့ရမယ်။ ကျမတို့ လုပ်နိုင်ခြင်းအားဖြင့် ပြည်သူလူထုက NLD ဟာ အလုပ်လုပ်လာပါလား ဆိုပြီး အားတက်သရော ဖြစ်လာမယ်။”

# ယာဉ်တိုက်မှုဖြစ် ကျောင်းသူတဦးသေ

**DVB ၊ အောက်တိုဘာ ၂၈ ။** ။ ရန်ကုန်တိုင်းရှိ သုံးခွ ခရီးသည်တင်ကားနဲ့ ကျောက်တန်းခရီးသည်တင်ကားတိုက်မှုကြောင့် တဦးသေဆုံးပြီး တချို့ကို အတွင်းလူနာအဖြစ် ကုသနေတယ်လို့ သံလျင်မြို့ခံတဦးက ပြောပါတယ်။

မနေ့ညနေက ကျောင်းသားတွေစီးနင်းလာတဲ့ ဟိုင်းလက်ကားနဲ့ သုံးခွခရီးသည် တင်ကားတစီး သံလျင်မြို့ကျိုက်ခေါက်ဘုရားနားမှာတိုက်မိပြီး ကျောင်းသူတဦး သေဆုံးသွားသလို တခြားခရီးသည် ၆ ဦးလည်း အတွင်းလူနာအဖြစ်ကုသမှုခံယူနေတယ်လို့ဆိုပါတယ်။ သေဆုံးသွားတဲ့ ကျောင်းသူဟာ တက္ကသိုလ်ကျောင်းသူဖြစ်ပြီး စာမေးပွဲဖြေပြီး အပြန်မှာဖြစ်တဲ့အကြောင်းနဲ့ ဘယ်သူလဲဆိုတာ အသေးစိတ် မသိကြောင်း အဲဒီ မြို့ခံက ပြောပါတယ်။

“ဘရိတ်တွေ ဘာတွေအုပ်ပြီး ရှောင်လိုက်တာ ကားကြီးက ဘာမှမဖြစ်ဘူး၊ ကားသေးက စုတ်ပြတ်သွားတယ်။ ညနေကျောင်းဆင်းချိန်မှာ တချို့က ဘုရားကုန်းလမ်းဆုံသွားပြီး အဲဒီ ၁၈၁ ကားတွေစီးကြတယ်လေ။ တာမွေတို့ ဘာတို့ဘက်မှာနေတဲ့လူ အဲတော့ဒီစာမေးပွဲဖြေ ပြီးတော့အပြန်ပေါ့။”

အရေးပေါ် လူနာတွေကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပို့ဆောင်ခဲ့ပါတယ်။ အရေးပေါ်ဌာနတာဝန်ရှိသူက အရေးပေါ်လူနာ ၆ ဦးအနက် ၄ ဦးကို ဦးနှောက်နဲ့ အာရုံကြော ခွဲစိတ်ဆောင်မှာ ကုသနေတယ်လို့ပြောပါတယ်။ အဲဒီ ၄ ဦးထဲက ၃ ဦးကို အရိုးဌာနမှာပြောင်းရွှေ့ကုသနေတယ်လို့ ဦးနှောက်နဲ့ အာရုံကြော ခွဲစိတ်ဌာနတာဝန်ရှိသူက ပြောပါတယ်။ ဒီနေ့ညနေကပဲ အရေးအပေါ်တင်ထားတဲ့လူနာတဦး ထပ်မံသေဆုံးသွားတယ်လို့ ဆေးရုံနဲ့ နီးစပ်သူတဦးက ပြောပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကို ဆက်သွယ်ပေမယ့် ပြန်လည်ဖြေကြားခြင်းမရှိပါဘူး။ ဒီယာဉ်တိုက်မှုကို သံလျင်ရဲစခန်းက အတည်ပြုချက်ပေးပေမယ့် အသေးစိတ်ပြောဆိုဖို့ ငြင်းဆိုပါတယ်။

## ပြကွဒိန်မှ

**အောက်တိုဘာ ၃၀ ၊ Bloomberg ။ ။** အမေရိကန်အရှေ့အာရှ လက်ထောက်အတွင်းရေးမှူး Kurt Campbell ဦးဆောင်၍ အမေရိကန်ထိပ်သီးအဖွဲ့သည် မြန်မာသို့ နိုဝင်ဘာ ၃–၄ ရက်တွင် သွားရောက်မည်ဟု ပြည်ထဲရေးဌာနမှဆို၏။

**အောက်တိုဘာ ၃၀ ၊ Mizzima ။ ။** ဦးကျော်သူ၏ အခမဲ့လူမှုရေးရာလုပ်ငန်းကို ခွင့်မရဘဲ ရုံးနေရာဖွင့်မှုအတွက် မြောက်ဒဂုံမြို့နယ်အာဏာပိုင်များမှတ ရားစွဲထား၏။

**အောက်တိုဘာ ၃၀ ၊ WTN ။ ။** ဆွေးနွေးပွဲတွင် နအဖ နှင့်သက်သက်မဟုတ်ဘဲ အဲန်အဲလ်ဒီနှင့် တိုင်းရင်းအဖွဲ့များလည်းပါသင့်၏ဟု အမေရိကန်အမတ် Mitch McConnell မှဆို၏။

**အောက်တိုဘာ ၃၀ ၊ Irrawaddy ။ ။** အောက်တိုဘာ ၁၉ တွင် ကေအင်ယူနှင့်ဒီဘီအေတို့သည် အပစ်အခတ်ရပ်စဲရေး ပထမဆုံးအကြိမ် မိနစ် ၃၀ ခန့် ဆွေးနွေးခဲ့၏။

**အောက်တိုဘာ ၃၀ ၊ DVB ။ ။** စစ်အုပ်ချုပ်ရေးအဖွဲ့အား ပုတ်ခတ်ပြောဆိုသူများသည် နိုင်ငံတော်အသရေဖျက်မှု ရာဇသတ်ကြီးပုဒ်မ ၁၂၄ (က) အရ တရားစွဲဆိုခံရမည်ဟု နအဖအာဘော်ဖြစ်သော ရာဇဝတ်သတင်းဂျာနယ်မှ ရေးသား၏။

**နိုဝင်ဘာလ ၃၀ ၊ Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် K Campbell ၏ မြန်မာသို့လာ၍ဆွေးနွေးမှုကို တတ်နိုင်သ၍ အသေးစိတ်စောင့်ကြည့်နေ၏။

# မြန်မာ့အရေးထောက်ခံအားပေးပွဲ ဝန်ကြီးချုပ်ဇနီးနဲ့ ပြည်သူတွေပူးပေါင်းပါဝင်

**VOA၊ အောက်တိုဘာ ၂၇ ။** ။ ဒီမိုကရေစီနဲ့ လွတ်မြောက်ရေးတို့အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကြိုးပမ်းဆောင်ရွက်နေတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးတဲ့အနေနဲ့ သြစတြေးလျားနိုင်ငံက ကမ္ဘာကျော် ဆစ်ဒနီအော်ပရာပြဇာတ်ရုံကြီးရှေ့မှာ သြစတြေးလျားဝန်ကြီးချုပ် Kevin Rudd ရဲ့ဇနီးအပါအဝင် ရာနဲ့ချီတဲ့ သြစတြေးလျားပြည်သူတွေ ဒီကနေ့စုဝေးခဲ့ကြပါတယ်။

ဒီကနေ့ကျင်းပတဲ့အခမ်းအနားကို သြစတြေးလျားဝန်ကြီးချုပ် Kevin Rudd ရဲ့ဇနီးဖြစ်သူ Terese Rein နဲ့ အတိုက်အခံခေါင်းဆောင် Malcolm Turnbull ရဲ့ဇနီး Lucy Turnbull တို့ ကိုယ်တိုင်ပါဝင်တက်ရောက်ခဲ့ကြသလို ဝန်ကြီးချုပ် Kevin Rudd ကိုယ်တိုင်ကလည်း ဒီအခမ်းအနားဖြစ်မြောက်ရေးအတွက် ထောက် ခံအားပေးခဲ့တယ်လို့ အခမ်းအနားကိုဦးဆောင်ကျင်းပသူတွေက ပြောပါတယ်။

ဒီအခမ်းအနားကျင်းပရခြင်းရဲ့ရည်ရွယ်ချက်ကတော့ သြစတြေးလျားပြည်သူတွေအနေနဲ့ မြန်မာ့ဒီမိုကရေစီအရေးကို ပိုမိုထောက်ခံအားပေးလာဖို့ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သလို မြန်မာနိုင်ငံမှာ တိုးတက်ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒီအခမ်းအနားကိုကျင်းပခဲ့တာလို့ ဦးဆောင်ကျင်းပတဲ့ သြစတြေးလျားလွှတ်တော်အမတ် Janelle Saffin ကပြောပါတယ်။

“ဒီကနေ့အခမ်းအနားကို ကျင်းပလိုက်ခြင်းအားဖြင့် တိုးတက်မှု ၂ ခုဖြစ်လာနိုင်ပါတယ်။ ပထမတခုကတော့ သြစတြေးလျားနိုင်ငံသားတွေက မြန်မာ့အရေးကို ပိုပြီးလုပ်ဆောင်လာကြလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ပါ။ ဒီလို လုပ်ဆောင်ကြဖို့လည်း ကျမကတိုက်တွန်းခဲ့ပါတယ်။ ကျမတို့အားလုံး မိနစ်အနည်းငယ်ငြိမ်သက်ပြီးတော့ ကျမတို့ဘာတွေလုပ်ဆောင်နိုင်သလဲ၊ ဥပမာ စာရေးပြီးစည်းရုံးတာတို့၊ မြန်မာစစ်အစိုးရအနေနဲ့ ပြောင်းလဲမှုတွေ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ ပြင်းထန်တဲ့စာတွေ ရေးကြဖို့တိုင်ပင်ခဲ့ကြပါတယ်။

ဒုတိယအချက်ကတော့ မြန်မာနိုင်ငံမှာ ပြောင်းလဲမှုတွေဖြစ်ပေါ်မယ်ဆိုတာကို ကျမတို့အားလုံးယုံကြည်ခဲ့ကြပါတယ်။ ဒီနေရာမှာ ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့တဲ့ စကားလေးကို ကျမကိုးကားပြောကြားခဲ့ပါတယ်။ အဲဒါကတော့ စစ်အစိုးရမှာ သေနတ်ဘဲရှိတယ်၊ သေနတ်နဲ့လူတွေကို ကာလအတိုင်းအတာတခုအထိဘဲ အုပ်ချုပ်လို့ရနိုင်မယ်၊ ထားဝရစိုးမိုးအုပ်ချုပ်ထားလို့ မရနိုင်ဘူး။ ဒါကြောင့် တနေ့မှာ သူတို့ပြောင်းကို ပြောင်းလဲလာရမယ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့တဲ့ စကားလေးပါ။”

သြစတြေးလျားဝန်ကြီးချုပ်နဲ့ အတိုက်အခံခေါင်းဆောင်တွေက မြန်မာ့ဒီမိုကရေစီအရေးကို ထောက်ခံအားပေးကြောင်း အခုလိုပြောဆိုလုပ်ဆောင်နေကြပေမယ့် မကြာသေးခင်ရက်ပိုင်းအတွင်းကဘဲ မြန်မာစစ်အစိုးရနဲ့ ပိုမိုထိတွေ့ဆက်ဆံသွားမယ်လို့ သြစတြေးလျားအစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ သြစတြေးလျားအစိုးရဘက်က အခုလို လေသံပြောင်းလာတာဟာ သမတ Obama အစိုးရနဲ့လက်ရှိသြစတြေးလျားအစိုးရဝန်ကြီးချုပ် Kevin Rudd တို့အကြား နွေးထွေးတဲ့ဆက်ဆံမှုရှိနေတာကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါပေမယ့် သြစတြေးလျားအစိုးရအနေနဲ့ လက်ရှိတည်ရှိနေတဲ့ ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုတွေကိုတော့ ဆက်လက်ထားရှိသွားမှာဖြစ်တယ်လို့ လွှတ်တော်အမတ် Janelle Saffin ကပြောပါတယ်။

“သြစတြေးလျားအစိုးရကတော့ မြန်မာစစ်အစိုးရအပေါ် လက်ရှိချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေကို ဆက်ပြီးထားရှိသွားမှာသေချာပါတယ်။ ဒီပိတ်ဆို့အရေးယူမှုတွေဟာ ငွေကြေးအရ ပိတ်ဆို့တာ၊ သြစတြေးလျားနိုင်ငံကို လာလို့မရအောင် ပြည်ဝင်ခွင့်ဗီဇာထုတ်မပေးတာ၊ စတဲ့လက်ရှိချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေဖြစ်ပါတယ်။

တချိန်တည်းမှာဘဲ ပြောင်းလဲမှုတွေဖြစ်ပေါ်လာအောင် ရည်ရွယ်လုပ်ဆောင်တဲ့အနေနဲ့ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေ၊ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီတွေ မြန်မာနိုင်ငံကိုပေးဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဒါဟာ သြစတြေးလျားအစိုးရဘက်က ပေါ်လစီပြောင်းတာမဟုတ်ပါဘူး၊ ပိုပြီးနီးနီးကပ်ကပ်ဆက်ဆံတာသာဖြစ်ပါတယ်။”

နိုင်ငံတကာရဲ့ပြောဆိုဝေဖန်မှုတွေကို မြန်မာစစ်အစိုးရက နားမထောင်ဘူး၊ မသိကျိုးကျွန်ပြုနေတယ်လို့ အများစုကထင်မြင်ယူဆနေကြပေမယ့် အဲဒီယူဆချက်ဟာ မှားနေတယ်လို့ Janelle Saffin က ထောက်ပြပါတယ်။ စစ်အစိုးရအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကြားမှာ ဝင်ဆန့်ချင်ရင် တိုင်းပြည်အတွင်းမှာ ပြောင်းလဲမှုတွေ ဖော်ဆောင်ရမယ်ဆိုတာကို သဘောပေါက်ပါတယ်လို့ သူကပြောပါတယ်။ စစ်အစိုးရဟာ ချက်ချင်းလက်ငင်းကြီးမဟုတ်တောင် အနှေးနဲ့အမြန်ဆိုသလို ပြောင်းလဲမှုတွေကို မဖြစ်မနေလုပ်ဆောင်ရမယ်ဆိုတာ သေချာပါတယ်လို့ Janelle Saffin က ပြောသွားပါတယ်။

Janelle Saffin ဟာ မြန်မာ့အရေးကို နှစ်ပေါင်းများစွာ တက်တက်ကြွကြွပါဝင်လုပ်ဆောင်ပေးနေတဲ့ သြစတြေးလျားလွှတ်တော်အမတ်တဦးဖြစ်ပါတယ်။ ဆစ်ဒနီမြို့က ကမ္ဘာကျော် အော်ပရာပြဇာတ်ရုံကြီးရှေ့မှာ ဒီကနေ့ကျင်းပခဲ့တဲ့ အခမ်းအနားကို လူပေါင်းရာနဲ့ချီ တက်ရောက်ခဲ့ကြပါတယ်။

---

## Myanmar Egress ကရွေးကောက်ပွဲဝင်ဖို့စည်းရုံး

**RFA၊ အောက်တိုဘာ ၂၆ ။ ။** ရန်ကုန်အခြေစိုက်ပညာရှင်တွေနဲ့ လူမှုရေးလုပ်ငန်းဆောင်ရွက်သူတွေ ထူထောင်ထားတဲ့ Myanmar Egress လို့ခေါ်တွင် ဖွဲ့စည်းထားတဲ့ အစိုးရမဟုတ်တဲ့အဖွဲ့ကနေ ပြည်တွင်းကတိုင်းရင်းသားအဖွဲ့အစည်းတွေကို ရွေးကောက်ပွဲဝင်ဖို့ စည်းရုံးဟောပြောနေတယ်လို့ စုံစမ်းသိရှိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၈ ရက်နေ့ကဆိုရင် ရခိုင်သဟာယအဖွဲ့၊ ရခိုင်အမျိုးသမီးအသင်း၊ ရခိုင်စာပေနဲ့ယဉ်ကျေးမှု၊ ရခိုင်မောင်မယ်အဖွဲ့ စတဲ့ ရခိုင်အသင်းအဖွဲ့တွေက အဖွဲ့တွေနဲ့ Myanmar Egress ရုံးခန်းတည်ရှိရာ သမတ ဟော်တယ်မှာတွေ့ဆုံပြီး ၂၀၁၀ ရွေးကောက်ပွဲကို မလွဲမသွေရင်ဆိုင်ရမှာဖြစ်တဲ့အတွက် စုစုစည်းစည်းပါဝင်ကြဖို့ ပြောကြားတယ်လို့ ဒီပွဲကိုတက်ရောက်ခဲ့သူတယောက် ပြောပါတယ်။

ရခိုင်အဖွဲ့အစည်းတွေထဲက ရွေးကောက်ပွဲဝင်လိုသူတချို့ကတော့ စိတ်ပါဝင်စားကြတယ်လို့ ဆိုပါတယ်။ ဖွဲ့စည်းပုံမှာပါတဲ့ ပြည်နယ် တိုင်းတွေရဲ့ လုပ်ပိုင်ခွင့်အရ လုပ်ဆောင်သင့်တဲ့အချက်တွေ၊ ပြည်ထောင်စုလွှတ်တော်မှာ ရခိုင်လူမျိုးတွေပါဝင်သင့်တယ်ဆိုတဲ့ အချက်တွေကိုလည်း ဆွေးနွေးပွဲမှာတင်ပြရှင်းလင်းတယ်လို့ ဆိုပါတယ်။ တချို့ကလည်း မကျေလည်ကြဘူးလို့ ဆွေးနွေးပွဲတက်ရောက်ခဲ့သူက ပြောပါတယ်။

ခုလို ရခိုင်အဖွဲ့အစည်းတွေက အဖွဲ့တည်ရှိရာရုံးခန်းမှာ ခေါ်ယူမဆွေးနွေးခင် ပြည်တွင်းအခြေစိုက် ကရင်နဲ့ကချင်အဖွဲ့အစည်းတွေက အလားတူ ဆွေးနွေးခဲ့တယ်လို့လည်း သိရပါတယ်။ ရှမ်း၊ ချင်း၊ မွန် စတဲ့ တခြားတိုင်းရင်းသားအဖွဲ့အစည်းတွေကိုလည်း ခုလိုဘဲ စည်းရုံးဟောပြောဖို့ ကြိုးစားနေတယ်လို့လည်းဆိုပါတယ်။

ရခိုင်အဖွဲ့အစည်းတွေကို နိုင်ဝင်ဘာလ ဒုတိယပတ်မှာကျရောက်မယ့် တနင်္ဂနွေနေ့မှာ ထပ်မံတွေ့ဆုံဦးမယ်လို့လည်း သိရပါတယ်။ Myanmar Egress ကို Living Color မဂ္ဂဇင်းနဲ့ The Voice Journal ကိုဦးစီးထုတ်ဝေတဲ့ ဒေါက်တာနေဝင်းမောင်နဲ့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမောင်ရွှေတို့က ဦးဆောင်လှုပ်ရှားနေပါတယ်။

# အမျိုးသားရင်ကြားစေ့ရေးဆိုရာဝယ် အပိုင်း–(နိဂုံးပိုင်း)

ခင်မမမျိုး

**ယခင်လာပတ်မှအဆက်**

ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်ဆိုတဲ့ နိုင်ငံရေးစင်မြင့်သဏ္ဍာန်ကို လွှတ်လပ်ရေးရပြီးစ နိုင်ငံတခုရဲ့ ပြည်သူလူထုကတောင် လက်မခံခဲ့ဘူးဆိုရင် အာဏာရှင်လက်အောက်မှာ ဆယ်စုနှစ်ပေါင်းများစွာ ဖိနှိပ်ခံခဲ့ရလို့ ခါးသီးမှုတွေနဲ့ပြည့်နှက်နေတဲ့ ပြည်တွင်းပြည်သူလူထု၊ နိုင်ငံတကာကို ခြေဦးနဲ့ကြမ်းပြင် လှည့်ပတ်အလုပ်လုပ်နေကြတဲ့ ပြည်ပရောက် မြန်မာအလုပ်သမားထု၊ အတွေးအခေါ်နဲ့ဆင်ခြင်တုံတရားရှိတဲ့ ပညာတတ် လူလတ်တန်းစားတွေနဲ့ဖွဲ့စည်းထားတဲ့ ၂၁ ရာစု မြန်မာ့လူ့အဖွဲ့အစည်းကဆိုရင် ပိုပြီး လက်ခံနိုင်မှာမဟုတ်ပါဘူး။

နောက်တချက်က မကြာခင်ကျင်းပမယ့် ဂျာကာတာညီလာခံကို မြန်မာ့သမိုင်းရဲ့အထင်ကရ ပင်လုံညီလာခံနဲ့ ခိုင်းနှိုင်းပြောဆိုနေတာတွေ ရှိလာပြန်ပါတယ်။ အနှစ်သာရချင်း၊ အခြေအနေ၊ အချိန်အခါချင်း ဘယ်လိုမှဆက်စပ်နှိုင်းယှဉ်လို့မရပါ။ ပင်လုံညီလာခံဆိုတာက အောင်ဆန်းအက်တလီစာချုပ်နဲ့ နယ်ချဲ့ဗြိတိသျှနဲ့ မြန်မာတို့အကြားမှာ conflict settlement ရှိပြီးမှ အနာဂတ်လွှတ်လပ်တဲ့ မြန်မာနိုင်ငံမှာ ရေးနှစ်များစွာကရှိခဲ့တဲ့ ပဋိပက္ခစိတ်အနာဟောင်းတွေ ထပ်မထွက်လာအောင် နယ်ချဲ့တို့သွေးခွဲအုပ်ချုပ်ခဲ့လို့ ဖြစ်ပေါ်နေတဲ့ လူမျိုးစုအကြား အထင်လွဲမှုတွေကြီးထွားမလာအောင် ပြုလုပ်ခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ် ကနဦးညီလာခံဖြစ်ပါတယ်။

ဒီညီလာခံကို ပြည်သူလူထုထောင်ပေါင်းများစွာက ထောက်ခံအားပေးခဲ့ကြပါတယ်။ ဒါတောင် ကနဦးညီလာခံမှာ မပါဝင်ခဲ့တဲ့လူမျိုးစုတွေ၊ ကနဦးညီလာခံရဲ့ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်ကို ဆက်လက်ဖော်ဆောင်နိုင်ခြင်း မရှိတာတွေကြောင့် နောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ပဋိပက္ခတွေက အများကြီးရှိပါတယ်။ အခု ဂျာကာတာညီလာခံကျတော့ ပင်လုံကို မြန်မာ့မြေပေါ်မှာကျင်းပတဲ့ ညီလာခံလည်းမဟုတ်၊ အချိန်အခါ၊ အခြေအနေနဲ့အညီ အမျိုးသားရင်ကြားစေ့ရေးအဆင့်ကို ဖော်ဆောင်နိုင်မယ့် ညီလာခံလည်းမဟုတ်၊ အမျိုးသားရင်ကြားစေ့ရေး အဆိုပြုချက်ကို တဘက်ကိုတင်ပြရုံအဆင့်ဘဲရှိသေးတဲ့ ညီလာခံသာဖြစ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာကလည်း ပြည်ပမှာရှိနေတဲ့ တိုင်းရင်းသားအဖွဲ့လေးတွေ ကောက်ခါငင်ခါ ညီလာခံထကျင်းပပြီး တည်ဆောက်လို့ရနိုင်တဲ့ သဘောတရားကြီးလည်း မဟုတ်ပါ။ မြန်မာနိုင်ငံအတွင်းမှာ မှီသင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုအားလုံးကို ဘယ်လိုမှကိုယ်စားမပြုနိုင်သလို ပြည်ပမှာရှိနေတဲ့ တိုင်းရင်းသားအဖွဲ့အားလုံးပင် စုံစုံလင်လင် တက်ရောက်ခြင်းမရှိသေးပါ။ နိုင်ငံရေးအင်အားစုများက အဆိုပြုချက်တခုကို ညီညီညွတ်ညွတ်ပူးပေါင်းပြုလုပ်တဲ့ ညီလာခံတရပ်သာဘဲဖြစ်ပြီး မြန်မာ့နိုင်ငံရေးအတွက် အကျိုးရှိနိုင်မလားဆိုတာကလည်း တဘက်စစ်အုပ်စုက ဘယ်လိုတုန့်ပြန်လိုက်သလဲ ဆိုတာပေါ်မှာဘဲမူတည်နေပါသေးတယ်။

## နိဂုံး

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ဆိုရင် နိုင်ငံရေးဦးဆောင်အဖွဲ့ဖြစ်ချင်တဲ့ အဖွဲ့အစည်းများကလည်း ပြည်သူလူထုအပေါ် ရိုးသားသစ္စာရှိဖို့ လိုအပ်ပါကြောင်းနဲ့ ပြည်သူလူထုအနေနဲ့ကလည်း ဘယ်လိုနိုင်ငံရေးအဖွဲ့အစည်းကိုမှ အားကိုးအားထားမပြုဘဲ မိမိတို့လုပ်စရာရှိတဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ပြည်သူ့အာဏာ ပြည်သူထံပြန်လည်ရောက်ရှိရေး၊ အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို ခေါင်းဆောင်မမျှော် ကယ်တင်ရှင်မမျှော်ဘဲ လုပ်ဆောင်ဖို့ လိုအပ်လှပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

“လူထုတိုက်ပွဲတွေဟာ လူထုခေါင်းဆောင်တွေကို
မွေးဖွားပါတယ်။
ဒီကနေ့ခေါင်းဆောင်တွေဟာလည်း
မနက်ဖြန်ခေါင်းဆောင်တွေ ဖြစ်ချင်မှ ဖြစ်ပါလိမ့်မယ်။

ပြည်သူ့တော်လှန်ရေးကို မည်သည့်ပုဂ္ဂိုလ်နှင့်
အဖွဲ့အစည်းကမှ မောင်ပိုင်စီးထား၍မရပါ။
မောင်ပိုင်စီးရန်ကြိုးစားတာ
ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု ပြုလုပ်တာဟာ
တော်လှန်ရေးကျဆုံးစေတဲ့ လက္ခဏာဘဲ ဖြစ်ပါတယ်။
ညီညွတ်ရေးဆိုတာ တိုက်ပွဲရှိမှ
တည်ဆောက်လို့ရပါတယ်။
တွေ့ဆုံဆွေးနွေးရေးဆိုတာ ကြားဖြတ်အစိုးရတခု
ပေါ်ထွက်ပြီးတဲ့အချိန်မှာလုပ်မှ အောင်မြင်နိုင်ပါတယ်။
အမျိုးသားရင်ကြားစေ့ရေးဆိုတာ ပဋိပက္ခတွေပြီးဆုံးမှ
ဖော်ဆောင်လို့ ရပါတယ်။

တော်လှန်ရေးသစ္စာဖြင့်
ခင်မမမျိုး

*မှတ်ချက်။*

ယခုဆောင်းပါးသည် မည်သူတဦးတယောက် မည်သည့်အဖွဲ့အစည်းတခုတလေကိုမှ ထိခိုက်ရေးသားခြင်းမဟုတ်ပါ။ အချိန်အခါ၊ အဖြစ်အပျက်၊ အခြေအနေများကို ဒီမိုကရေစီနည်းလမ်းတကျ အပြုသဘောဖြင့် ဝေဖန်ဆန်းစစ်ထားခြင်းသာဖြစ်သည်။ အမျိုးသားရင်ကြားစေ့ရေးဆိုသည့် သဘောတရားကို မူအရထောက်ခံသည်။ အမျိုးသားရင်ကြားစေ့ရေး ဖြစ်စဉ်စတင်လာပါက မည်သို့မည်ပုံပြုလုပ်မည်ဆိုသည်ကိုကား ဟင်းချက်စရာပစ္စည်းမရှိသေးဘဲ ဝယ်ယူဖို့ပိုက်ဆံလည်း မရှိသေးဘဲ တရုတ်ဟင်းချက်မယ်၊ ကုလာဟင်းချက်မယ်၊ ပြင်သစ်စတိုင်ပြင်ဆင်မယ် ငြင်းခုန်နေခြင်းနဲ့တူသည်ဟု ထင်မှတ်သောကြောင့် ငြင်းခုန်ဆွေးနွေးစရာကိစ္စများတွင် ဝင်ရောက်ဆွေးနွေးမည်မဟုတ်ပါ။ ကုလာဟင်းချက်ချင်သူက ကုလားဟင်းချက်နည်း စာအုပ်ကိုင်ထား၍ တရုတ်ဟင်းချက်ချင်သူက တရုတ်ဟင်းချက်နည်း ကိုင်ထားပြီး၊ နားလည်အောင် အရင်ဖတ်သည်က ပို၍အကျိုးရှိပေလိမ့်မည်။

သို့ဖြစ်ရာ အမျိုးသားရင်ကြားစေ့ရေးသဘောတရားကို ထောက်ခံပြီးဖြစ်ခြင်း၊ အဆိုပါသဘောတရားသည် မြန်မာနိုင်ငံအတွက် မည်မျှအရေးကြီးသည်ကို လက်ခံနားလည်ပြီးဖြစ်ခြင်းတို့ကြောင့် အဆိုပါ အချက်အလက်များကို လက်ကိုင်ပြု၍ ဤသဘောတရားအား အဆိုပြုချက်သည် ယနေ့အခြေအနေ အချိန်ကာလအတွက် မည်မျှအကျိုးရှိသည်ဟု ကွဲလွဲသည့်အမြင်ရှိပါက khinmamamyo@gmail.com အီးမေးလ်သို့ဆက်သွယ်၍ အပြန်အလှန်လေးစားမှုဖြင့် ဆွေးနွေးပေးပါရန် လေးစားစွာမေတ္တာရပ်ခံအပ်သည်။

သူဘာလဲ ငါဘာလဲ ပြောဆိုမှုများကို လက်ခံတုန့်ပြန်မည်မဟုတ်ပါ။ စာရေးသူသည် ဘာမှ မဟုတ်ပါ။ မြန်မာနိုင်ငံကို တိုးတက်စေချင်သူ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ပဋိပက္ခများကိုပြီးဆုံးစေလိုသူ၊ စစ်မှန်တဲ့ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်ကို ဖြစ်ပေါ်စေလိုသူ၊ တန်းတူညီမှု၊ လွတ်လပ်မှုနှင့် အပြန်အလှန်လေးစားမှုအပေါ်တွင် အခြေတည်သည့် မြန်မာ့လူ့ဘောင်တရပ် ထွန်းကားလာစေလိုသူ မြန်မာပြည်သူတယောက်သာ ဖြစ်ပါတယ်။

# အစိုးရကို သရော်သည့် ပြက်လုံးထုတ်လျှင် သေဒဏ်အထိ ချမှတ်ခံရနိုင်ဖွယ်ရှိ

**DVB | အောက်တိုဘာ ၂၉ ။** ။ ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ခွင့်ရှိတဲ့ သဘင်ပညာသည်တွေ ဇာတ်စင်ပေါ်ကနေ အစိုးရ ဒါမှမဟုတ် အစိုးရတာဝန်ရှိသူတွေကို ပုတ်ခတ်သရော်တဲ့ ပြက်လုံးတွေ ထုတ်ခဲ့မယ်ဆိုရင် ထောင်ဒဏ် ၃ နှစ်ကနေ တသက်တကျွန်းအထိ ချမှတ်နိုင်တယ်လို့ ပြည်တွင်းထုတ် ဂျာနယ်အချို့မှာ ဖော်ပြထားပါတယ်။

ဇာတ်သဘင်နဲ့ ပြဇာတ်တွေမှာ အစိုးရအပေါ် ပြည်သူတွေက ငြိုငြင်မုန်းတီးမှုတွေ ဖြစ်ပေါ်စေနိုင်တဲ့ ပြောဆိုကပြမှုတွေကို အစိုးရအနေနဲ့ ပိတ်ပင် တားဆီးခွင့်ရှိတာကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄–က အရ အပြစ်ပေး အရေးယူနိုင်တယ်လို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မှုခင်းသတင်းတပ်ဖွဲ့ကထုတ်ဝေတဲ့ မှုခင်းသတင်းဂျာနယ်မှာ ဖော်ပြခဲ့တာပါ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄–က နဲ့ပတ်သက်လို့ တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်ရှိန်က ရှင်းပြပါတယ်။

"အစိုးရဆိုတာကို ၁၂၄–က မှာက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ထောင်ထားတဲ့ အစိုးရကို ခေါ်တာဖြစ်တယ်။ နအဖက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ထောင်ထားတဲ့ အစိုးရမဖြစ်တဲ့အတွက် ၁၂၄–က မမြောက်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တည်ထောင်ထားတဲ့ အစိုးရကို အကြည်ညိုပျက်အောင်လုပ်ရင် ၁၂၄–က နဲ့ ငြိစွန်းတယ်။ "

"ဒီအစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတာ မဟုတ်ဘူးဆိုတဲ့ အပိုင်းရှိတယ်။ အစိုးရဆိုတဲ့ ဒက်ဖနေးရှင်းမှာ ၁၂၄–က မှာ အတိအလင်းပြဌာန်းထားတယ်။ နဝတတက်လာတဲ့အချိန်မှာ ဥပဒေအရ တည်ထောင်ထားသောဆိုတဲ့အတွက် ဖွဲ့စည်းပုံအရ မဟုတ်ဘဲနဲ့ ဥပဒေအရတည်ထောင်ထားသောဆိုတဲ့အပိုင်းမှာလည်း တကယ်တမ်းကျတော့ Constitutional Government လို့ ပြောတာပဲ။"

မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးသမိုင်းမှာ မင်းနဲ့အစိုးရကို အကြည်ညိုပျက်ပြားအောင်လုပ်တဲ့ ဇာတ်သဘင်ပညာသည်တွေကို ဒီဥပဒေပုဒ်မနဲ့အရေးယူတာမျိုး မရှိဘူးလို့ ရှေ့နေဦးခင်မောင်ရှိန်က ပြောပါတယ်။

"ဇာတ်သဘင်သမားတွေရဲ့ စကားဟာ ရေးမင်း အဆက်ဆက်ကရှိခဲ့တာပဲ။ ဇာတ်သဘင်လောကရဲ့ ပြောဆိုမှု ပြက်လုံးတွေဟာ နိုင်ငံတော်အစိုးရကိုပဲဖြစ်ဖြစ်၊ အစိုးရအဖွဲ့ဝင်ပဲဖြစ်ဖြစ် ထိခိုက်တယ်ဆိုပြီး ဇာတ်သဘင်လောကကို အရေးယူခဲ့တာ ၁၂၄–က ဆိုတာ ဘယ်တုန်းကမှ မရှိဘူး။ တရားဥပဒေမှာ သူတို့ဖြစ်ချင်တဲ့ အနေအထား ဆွဲယူပြီး ပြောနေတာပဲ။"

ဒီလို အပြစ်ပေးနိုင်တယ်လို့ ကြေညာတဲ့အပေါ် အနုပညာဖျော်ဖြေခွင့် ပိတ်ပင်ခံထားရတဲ့ မန္တလေးနှုတ်ခမ်းမွှေးညီအစ်ကို လူရွှင်တော်အဖွဲ့က လူရွှင်တော် ဦးလူမော်က ပြောပါတယ်။

"ရှေးတုန်းက လူရွှင်တော်တွေကလည်း ဘုရင်သိအောင် ဘုရင့်ရှေ့တော်မှောက်မှာ ဝန်ကြီးတွေ လာဘ်စားတာ၊ ဝန်ကြီးတွေ မှားတာကို နန်းတွင်း လူရွှင်တော်တွေက ပျက်တယ်၊ ပြောတယ်၊ ကြားဖူးတော့ ကျနော်တို့ လူရွှင်တော်များကလည်း အဲ့ဒီလိုပါပဲ လူကြီးတွေသိအောင် ပြည်သူ့အတွက်နဲ့ ပြင်စေချင်လို့ ပြောတာကို မကြေညာစေချင်ဘူးပေ့ါ။ ဒါက နိုင်ငံတော်လုပ်ကြံမှုလည်းမဟုတ်၊ လက်နက်နဲ့ တော်လှန်တာလည်း မဟုတ်။ လူရွှင်တော်ဆိုတာက ရှင်းရှင်းပြောရရင် ပါးစပ်ပဲရှိတာ။ လက်နက်ကိရိယာရှိတာမှ မဟုတ်တာ။ လူရွှင်တော်မှာလည်းမိသားစုရှိတာပဲ။ ဘယ်သူက ဘဝ ပျက်ချင်မှာလဲ။"

မြန်မာနိုင်ငံမှာ သဘင်အစည်းအရုံးလို အဖွဲ့အစည်းတွေရှိပေမယ့် လက်တွေမှာ အဲ့ဒီအဖွဲ့အစည်းက သဘင်သည်တွေဘက်က ရပ်တည်တာထက် အစိုးရရဲ့အမိန့်ကြေညာချက်တွေကို သဘင်သည်တွေ သိရှိလိုက်နာအောင် လုပ်ပေးနေတဲ့ အဖွဲ့အစည်းသာဖြစ်တယ်လို့ အခြားသဘင်လောကသားအချို့က ပြောပါတယ်။ နဝတနဲ့နအဖအစိုးရ လက်ထက်တွေမှာ ကိုဇာဂနာအပါအဝင် လူရွှင်တော်အများအပြား ဖမ်းဆီးထောင်ချခံခဲ့ရသလို အနုပညာဖျော်ဖြေခွင့် ပိတ်ပင်ခံထားရတဲ့ အနုပညာရှင်တွေ အတော်များများရှိနေပါတယ်။

# နာဂစ်အကြောင်း တင်ဆက်သည့် ဇာတ်ပွဲ လန်ဒန်မြို့တွင် ကျင်းပ

**DVB | အောက်တိုဘာ ၂၈ ။** ။ ဆိုင်ကလုန်းနာဂစ်ဒဏ်ကို အပြင်းအထန်ခံခဲ့ရတဲ့ မြစ်ဝကျွန်းပေါ် လပွတ္တာမြို့နယ်မှာ ပညာပေးဖျော်ဖြေတဲ့ ဇာတ်ပွဲတွေ ကျင်းပပြီး ရန်ပုံငွေရှာပွဲပြုလုပ်မယ်လို့ ကုလသမဂ္ဂက သတင်းထုတ်ပြန်ကြေညာထားပါတယ်။

လပွတ္တာမြို့နယ်မှာရှိတဲ့ လူဦးရေ ခုနှစ်သောင်းလောက်အတွက် ရည်ရွယ်ပြီး တကိုယ်ရေသန့်ရှင်းမှု ပညာပေးအစီအစဉ်တွေ ပါဝင်တဲ့ ဇာတ်သဘင်အဖွဲ့တွေရဲ့ ဖျော်ဖြေမှုတွေကို တင်ဆက်သွားမှာ ဖြစ်တယ်လို့ဆိုပါတယ်။ ကုလသမဂ္ဂကလေးသူငယ်များ ရန်ပုံငွေအဖွဲ့က စီစဉ်ကျင်းပတာဖြစ်ပြီး လောလောဆယ် ဇာတ်သဘင် အဖွဲ့ ၅ ဖွဲ့က အစမ်းလေ့ကျင့်နေပြီလို့ပြောပါတယ်။ ဒီ အစီအစဉ်အရ လာမယ့် နိုဝင်ဘာလထဲမှာ ကျေးရွာပေါင်း ၂၀ လောက်လှည့်လည်ပြီး တလအကြာ တင်ဆက်ကပြမယ့် ဖျော်ဖြေရေး အစီအစဉ်ဖြစ်တယ်လို့ ကုလသမဂ္ဂက ကြေညာထားပါတယ်။

တချိန်တည်းမှာပဲ နာဂစ်ဒဏ်ခံစားရတဲ့ မြစ်ဝကျွန်းပေါ်ဒေသက ပြည်သူတွေအကြောင်း ဖျော်ဖြေတင်ဆက်တဲ့ ဇာတ်ပွဲတခုကို မနေ့နေ့လည်က လန်ဒန်မြို့မှာ ပြုလုပ်သွားပါတယ်။ 'ငရဲခန်းမှလွတ်မြောက်ပါရစေ' လို့ အမည်ရတဲ့ ဒီဇာတ်ပွဲကို လူ့အခွင့်အရေးလှုပ်ရှားတဲ့အဖွဲ့က ပါဝင်စီစဉ်ခဲ့ပြီး လန်ဒန်မှာရှိတဲ့ မြန်မာအနုပညာရှင်တွေနဲ့ ဖျော်ဖြေတင်ဆက်သွားတာ ဖြစ်ပါတယ်၊ အဲ့ဒီအခြေအနေနဲ့ ပတ်သက်ပြီး လန်ဒန်မြို့က မရွှေဇင်က ပြောပါတယ်။

"သူတို့ရဲ့ ရည်ရွယ်ချက်အဓိက က မြန်မာနိုင်ငံမှာရော၊ လန်ဒန်မှာရော နှစ်ခုအခြေပြုပြီး ပြဇာတ်အဖွဲ့ထူထောင်ဖို့၊ အနုပညာလုပ်ငန်းများဆောင်ရွက်ဖို့ပါ။ နာဂစ်က ဖြစ်သွားတာ မကြာသေးတော့ လူတွေရဲ့စိတ်ထဲမှာ ဒီအကြောင်းအရာတွေ ထင်ထင်ရှားရှားရှိနေသေးတယ်ပေ့ါ။ နှစ်ဖက် အကျိုးမျှော်လင့်တာပေ့ါ။ ပထမက နာဂစ်မသိတဲ့သူတွေလည်းသိသွားမယ်။ သိတဲ့သူတွေက ပိုပြီးအနုပညာပိုင်းအရ စွမ်းဆောင်နိုင်မယ်လို့ ရည်ရွယ်ပြီးလုပ်လိုက်တာပါ။"

ဘယ်နေရာမှာ ကျင်းပသလဲ...

"လန်ဒန်မှာရှိတဲ့ စတီးဝတ်ဒ်စင်တာမှာ ကျင်းပတာပါ။ နေရာကို အာတိကယ်နိုင်တင်း မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးတွေကို လုပ်နေတဲ့အဖွဲ့တခုက အဓိက ပံ့ပိုးသွားပါတယ်။"

ဘယ်နှစ်နာရီ ကြာလဲ...

"၄၅ မိနစ်ကြာပါတယ်။ အင်္ဂလိပ်လိုပဲ ပြောသွားတယ်။"

သူတို့ ပြုလုပ်တဲ့ အပေါ်မှာ ဘယ်လိုမျိုးတွေ့ရလဲ။ လာကြည့်တဲ့ ပရိသတ်တွေကရော...

"ပရိသတ်တွေက သဘောကျပါတယ်။ သူတို့ပြောတဲ့ ဥစ္စာလေးက အချိန်တိုလေးအတွင်းမှာ နာဂစ်မှာဖြစ်သွားတဲ့ ဘဝတွေအကြောင်းကို အကျဉ်းချုပ်ဖော်ပြသွားတာဆိုပေမယ့် လာတဲ့သရုပ်ဆောင်တွေနဲ့ လူတွေရဲ့ပုံစံတွေကို ကြည့်ပြီး မိသားစု ဘက်ဂရောင်းအကြောင်းတွေပါတော့ ဇာတ်လမ်းတိုလေးကနေ နာဂစ်အကြောင်းကို ပြောပြနိုင်တယ်ပေ့ါလေ။ အကျဉ်းချုပ်မှာ လူတွေသဘောပေါက်သွားတာမျိုးကို တွေ့ရတယ်။"


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 452 Sep 22, 2009
UN & the WORLD
mr Burma 09

# ကမ္ဘာ့ဆန်စပါးညီလာခံ ပြုလုပ်ချိန်တွင် မြန်မာနိုင်ငံ၌ ဆန်ဈေးတက်နေ

**DVB ၊ အောက်တိုဘာ ၂၉ ။** ။ ဖိလစ်ပိုင်နိုင်ငံမှာ သုံးရက်တာ ကျင်းပတဲ့ ကမ္ဘာ့ဆန်စပါးညီလာခံကို မြန်မာ့ဆန်စပါးလုပ်ငန်းရှင် ကိုယ်စားလှယ်တွေ ပထမဆုံးအကြိမ်အဖြစ်တက်ရောက်နေချိန် မြန်မာပြည်မှာဆန်ဈေးတက်နေပါတယ်။

ဖိလစ်ပိုင်နိုင်ငံ စီဘူးကျွန်းမှာကျင်းပတဲ့ ကမ္ဘာ့ဆန်စပါးညီလာခံကို မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူးချုပ်ဒေါက်တာမျိုးအောင်ကျော်၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်တို့ဦးဆောင်တဲ့ ဆန်စက်လုပ်ငန်းရှင်များ အသင်းဝင်တွေနဲ့ ဆန်စပါးလုပ်ငန်းရှင်တွေ စုစုပေါင်း ၃၀ နီးပါးတက်ရောက်ပါတယ်။ ကမ္ဘာ့ဆန်ဈေးကွက် ချိတ်ဆက်မှု၊ စိုက်ပျိုးရေးနဲ့ထုတ်လုပ်မှုနည်းစနစ် စတာတွေကို ဆွေးနွေးတဲ့ ဆန်စပါးညီလာခံမှာ မြန်မာ့ဆန်ကို ထိုင်း၊ ဗီယက်နမ် ပါကစ္စတန်တို့လို နိုင်ငံတကာဈေးကွက်ရရေး ကြိုးပမ်းဆောင်ရွက်သွားမယ်လို့ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌဦးစိန်ဝင်းလှိုင်က ပြည်တွင်းထုတ်ဂျာနယ်တစောင်ကို ပြောဖူးပါတယ်။

အဲဒီညီလာခံမှာ ဘာတွေပြောကြားတယ်ဆိုတာသိရအောင် မြန်မာကိုယ်စားလှယ်တွေကို ဆက်သွယ်ဖို့ကြိုးစားပေမယ့် မရသေးပါဘူး။ ထိပ်တန်းဆန်တင်ပို့တဲ့ ထိုင်းနိုင်ငံက ပြီးခဲ့တဲ့ ဇန်နဝါရီကနေ အောက်တိုဘာအထိ ဆန်တန်သန်း ၇,၀၀၀ ကျော် ပြည်ပတင်ပို့ခဲ့ပြီး မနှစ်က အလားတူ လထက် ၂၀ ရာခိုင်နှုန်းကျော် လျော့သွားတယ်လို့ ထိုင်းကုန်သွယ်ရေးဝန်ကြီးက ကမ္ဘာ့ဆန်စပါးညီလာခံမှာ မနေ့ကထုတ်ပြန်ပြောကြားပါတယ်။ ကမ္ဘာ့စီးပွားပျက်ကပ် ဂယက်ကြောင့် ဆန်တင်ပို့မှုကျသွားပေမယ့် ထိုင်းဟာ ဈေးကွက်ရဲ့ ၃၀ ရာခိုင်နှုန်းကို ရထားပြီး ကမ္ဘာ့ထိပ်ဆုံး ဆန်တင်ပို့တဲ့နိုင်ငံ ဖြစ်နေတုန်းပါ။ အာဆီယံ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်အောက်မှာ လာမယ့် ၂၀၁၀ ဇန်နဝါရီလဆန်းကစပြီး ဆန်တင်သွင်းမှု အခွန် အတားအဆီးတွေကို ရုပ်သိမ်းကြရတော့မှာဖြစ်ပေမယ့် ထိုင်းကုန်သွယ်ရေးဝန်ကြီးက အိမ်နီးချင်းတိုင်းပြည်တွေရဲ့ဆန်ထုတ်လုပ်မှုဟာ ထိုင်းရဲ့ထုတ်လုပ်မှုကို လွှမ်းမိုးသွားနိုင်မှာ မဟုတ်ပါဘူးလို့ ဆိုပါတယ်။

ဗီယက်နမ်နိုင်ငံက ဒီနှစ်မှာ ပြည်ပဆန်တင်ပို့မှု တန် ၆ သန်းအထိ ရှိလာပြီး အာဖရိတိုက်နဲ့အရှေ့အလယ်ပိုင်းဒေသက ဆွဲအားကြောင့်လို့ ဗီယက်နမ် စားနပ်ရိက္ခာအဖွဲ့အစည်းက ဆန်စပါးညီလာခံမှာ ထုတ်ပြန်ပြောကြားပါတယ်။ အိန္ဒိယနိုင်ငံက ပြည်တွင်းဖူလုံရေးအတွက် လာမယ့်နှစ်မှာ ဆန်တန် ၃ သန်း တင်သွင်းနိုင်ချေရှိတယ်လို့ အိန္ဒိယဆန်ကုန်သည်ကို ကိုးကားပြီး ကမ္ဘာ့ဆန်စပါးညီလာခံသတင်းမှာဖော်ပြထားပါတယ်။ ရန်ကုန်မှာ ဆန်အိတ်စပို့ အဆွဲများနေပြီး ဆန်ဟောင်းလက်ကျန် ပြတ်သွားပြီဖြစ်လို့ ပေါ်လာတဲ့ ဆန်သစ်တွေကို ထည့်လာမှာစိုးရိမ်လို့ စီးပွား–ကူးသန်းဝန်ကြီးဌာနက ရောရွှေဝါ၊ ရောဟသာ၊ ဆန်းဖလားဝါ၊ ဒိုင်းမွှန်းစတားစတဲ့ ကုမ္ပဏီကြီးတွေကို လက်ရှိတင်နေတဲ့ သင်္ဘောပြီးရင် ခေတ္တဆိုင်းငံ့ဖို့ ညွှန်ကြားထားတယ်လို့သိရကြောင်း ရန်ကုန်က ဆန်ကုန်သည်ကြီးတဦးက ပြောပါတယ်။

ဒီကုမ္ပဏီကြီးတွေကို စစ်ခေါင်းဆောင်တွေရဲ့ သားသမီးတွေနဲ့ စစ်ခေါင်းဆောင်တွေနဲ့နီးစပ်တဲ့ လုပ်ငန်းရှင်ကြီးတွေ ပိုင်ဆိုင်တာပါ။ မြန်မာပြည်က ပြီးခဲ့တဲ့နှစ်မှာ ပြည်ပတင်ပို့တဲ့ ဆန်ပမာဏ တန် ၆ သိန်းကျော်ပြီး ဒီနှစ်မှာ တန်တသန်းကျော်အထိ ခွင့်ပြုမယ်လို့ သတင်းတွေထွက်နေကြောင်း ဆန်ကုန်သည်တွေက ပြောပါတယ်။ အိတ်စပို့ဆန် အဆွဲများတဲ့အတွက် တလကျော်အတွင်းမှာ ညော့်မထ၊ ဇီယာဆန် တတင်းခွဲတအိတ်ကို ကျပ် ၁၂,၀၀၀ ကနေ ၁၄,၅၀၀ အထိတက်လာပြီး လက်လီဈေးကွက်မှာ ဇီယာထိပ်စ တပြည်ဈေး ၈၅၀ နဲ့ တအိတ်ဈေး ၂၀,၀၀၀ လောက်ဖြစ်နေပါတယ်။ ပေါ်ဆန်းမွှေးက တအိတ်ကို ၂၄,၀၀၀ – ၃၀,၀၀၀ နှုန်းဖြစ်နေပြီး လက်လီဈေးမှာ တပြည်ကို ၁,၀၀၀ – ၁,၄၀၀ ဖြစ်နေတယ်လို့ ရန်ကုန်မြို့က အိမ်ဆိုင်တဆိုင်က ပြောပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


To

AIR MAIL

PRINTED MATTER